# သုခမ္မစါရီဖြတ်ထုံး

ပိဋကတ်တော်ပြန့်ပွါးရေးဌာန
ကျောက်သွေးတန်း
မန္တလေးမြို့

## သုဓမ္မစာရီမင်းကြီးဓမ္မသတ်ဖြတ်ထုံး။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

မင်းမှူးမတ် စစ်သူကြီးတို့ကား ဥဒုန်းကဲ့ စကားသော် ကား။ မိုးယံကြိုးပစ်သကဲ့သို့ရင်း။ သန်း ... ဖြင့် ငှက်ပျော ရွက်ကို ဖြတ်သကဲ့သို့ရင်း။ ပြင်းပြစွာ သော ... မုန်တိုင်းသည် သစ်ကိုင်းပင်ဆိုင်ကိုတိုက်ခတ်ဘိသကဲ့သို့ရင်း ... ပျူပြန် ချမ်းသာ၊ သိသာရာချမ်းသာကို ရှုံးသွင်းသော ဘမ္မားလူကြီးတို့ သည် အပြစ်ရှိသူတို့ပျက်စီးခြင်းကိုရည်၍ မပြတ်တရားကို အ ကုန်စိစစ်ကြပြီးလျှင်၊ အပြစ်ကြီးငယ်ကိုတရားသဖြင့် ကောင်း စွာဆုံးဖြတ်ကြရာ၏ ။

---

### ၁။ ခွေးထီးခွေးမတို့အချင်းများကြရာ၊ သား ... သုံးကောင် ကိုခွဲဝေကြသည့်အကြောင်း။

ရှေးသောအခါ၊ တောခွေးထီးမတို့သည် တောပဒိုရဏ်၌ နေကြ၍ ကာလရှည်သတ်သော်၊ သားတကောင် ... နှစ်ကောင် ခွေးမြင်ပွါးစီးကြ၏။ နောက် ၎င်းတို့မ ... ဖြစ်ဦး ကြရာ၊ ခွေးမငယ်တို့ကို တကောင်စီ ...ကြ၏။ ကျန်ခွေးထီး တကောင်ကိုအမိခွေးမက၊ငါဆင်းရဲကြီးစွာလွယ်ပိုက်ရသည် ဖြစ်၍ ငါသာရသင့်ကြောင်း။ အဘခွေးထီးကလည်း၊ ငါမယား သခင်၊လင်သားဦးခိုင်၊ကာမပိုင်ဖြစ်သောကြောင့်ငါသာရထိုက် ကြောင်းနှင့်၊ အချေမညီ၊ ကိုယ်စီငြင်းခုံ ဖြစ်ပွါးကြ၍၊ တရားအ ကောက်အယူခံရန် ဒေဝဒတ်အလောင်းကျေးမင်းထံသွားရော်

ကြလေသော်၊ကျွားက ထိုသားတို့ကို အမိတကောင်၊ အဘတကောင်ဝေပေးပြီးမှ၊ကျန်နွားထီးတကောင်ကိုအသယ်တွင်ပိုင်း၍တကောင်လျှင်တပိုင်းစီဝေပေးကာလ၊ထိုသားအကောင်ကို ဘမိနှစ်ဦးတို့မြင်ကြလျှင် ဖြင်းစွာငိုကြွေးကြလျက်၊ အရှင်ကျွားမင်း၊ဤသို့ကြမ်းကြုတ်စွာမဝေအပ်သင့်ပါတကားဟုဆို၍သား၏အကောင်ကိုကျွားရှေ့သို့ပစ်သွားကြလေ၏။ထိုသတ္တဝါနှစ်ဦးကို ဒေဝဒတ်အလောင်းကျွားမင်းစီရင်ဘိသကဲ့သို့ မင်းမှူးမတ်စစ်သူကြီးတို့မပြုကုန်ရာ။ ပြုမှားမိချေသော် အပါယ်လေးဘုံ၌ ရချလားရလတ္တံ့သတည်း။ ။

---

## ● ၂။ မြေခွေးနှင့်ဖျံ၏အကြောင်း။

ရှေးသောအခါ၊မြေခွေးနှင့်ဖျံသည် အဆွေခင်ပွန်းဖွဲ့၍မြစ်ကမ်းနား၌အစာရှာကြလေသော်၊ ဖျံသည်၊ငါးကြင်းတကောင်ကိုရလေ၍၊ ဝမ်းပျဉ်းသားနှင့်ခေါင်းကို သူစားသင့် ငါစားသင့်ဟု မြေခွေးနှင့် ဖျံတို့အငြင်းအခုံဖြစ်ကြ၍၊ ငါတို့ဘုရားလောင်းယုန်မင်းနေရာသို့သွားရောက်ကြလေသော်၊ယုန်မင်းကဤသို့ဆို၏။သင်တို့နှစ်ကောင်သည် အဘယ်ကြောင့်အငြင်းအခုံဖြစ်ကြသနည်း။အဆွေခင်ပွန်း မပျက်ကြကောင်း။နောင် ဖျံသည် ငါးကြင်းရသော်၎င်း၊မြေခွေးသည်သမင်ဒရယ်ရသော်၎င်း၊ငါယခုဝေပေးသကဲ့သို့၊ဝေမျှစားကြကုန်ဟု၊အမြီးကခေါင်းတိုင်အောင်အလယ်တည့်တည့်ခွဲဝေ၍ပေးလေသည်။ မြေခွေးနှင့်ဖျံလည်းနှစ်သက်ကြချမ်းဝမ်းမြောက်စွာရှိကြလေကုန်၏။ ဤသို့ဘုရားလောင်းယုန်မင်းဆုံးဖြတ်ဘိသကဲ့သို့ မင်းမှူးမတ်တရားသူကြီးတို့လည်းဆုံးဖြတ်ပေကုန်ရာ၏။အိပ်သောသူကိုမနိူးရာ။နိုးသောသူကို မထစေရာ။ထိုင်သောသူကိုထပဟူ၍၊မဆိုသာ။သူ့ဥစ္စာကိုလည်း မျက်မုန်းမကျိုးရာ။ အိပ်သောသူကို၊ မနိူးရာဟူသောအဓိပ္ပါယ်ကား။လောဘမတပ်မက်ခြင်းမည်၏။ နိုးသောသူကိုမထ

စေရာဟူသောအဓိပ္ပါယ်ကား။ မိမိထိုအပ်သောဥစ္စာကို၊ လိုချင်မက်မောလျက်နှင့် မယူမူ၍နေခြင်းမည်၏။ ထိုသို့မိုက်သောသူတို့သည်နတ်ပြည်သို့မရောက်ရာ။

---

## ၃။ မဟာမန္ဒမင်းနှင့်သခွါးယာခင်းစောင့်အကြောင်း။

ရှေးသောအခါ၊ ဝေသဘူဘုရားလက်ထက်တော်၌ မဟာမန္ဒအမည်ရှိသောမင်းသည်။ ပါရာဇိကာကအမည်ရှိသောပြည်၌မင်းပြု၏။ တနေ့သ၌ စစ်သည် ဗိုလ်ပါများစွာနှင့် စစ်ချီလေသော်၊ တောင်သူပိုင်သခွါးယာခင်းအနီးတပ်ချ၍နေလေ၏။ ထိုမင်းလည်း ဤသို့ဆို၏။ အချင်းတို့၊ သခွါးယာခင်းကို မထိမခိုက်ကြနှင့်ဟုမောင်းကြေးနှင်းခတ်စေ၏။ ညဥ့်အခါမှ၌ထိုမင်းကိုယ်တိုင်သွား၍ ကြည့်လေသော်၊ သခွါးယာခင်းစောင့်သည်၊ ဟော့ယောက်ကျား။ သခွါးသီးကို မထိပါနှင့်ဟုဆိုပြီးလျှင် အဘယ်ကြောင့် သင်သနည်းဟုမေး၏။ ဟော့ယောက်ျား၊ငါမင်းတည်းဟုပြန်ဆို၏။ ယာခင်းရှင်သည်း နှင်မင်းဖြစ်စေပြီးတကားမင်းအမှန်ဖြစ်သော်အ ခြွေအင်္ဂပျိုးဘယ်ပါးတည်းရောက်လာရမည်လောဟုဆိုပြီးလျှင်၊ လှံတံနှင့်ခါးဆင်ကိုရိုက်နှက်၍ ထိုမင်းသေလေသော်။ ရင်းအလောင်း ၌ သခွါးနွယ်တို့ဖြင့် ဖုံးလွှမ်းထားလေ၏။ ထိုအခါ၊အမတ်ကြီး သည်မင်းမရှိသည်ကိုအမှန်သိ၍၊သခွါးယာခင်းသို့ သွားရောက် ရှာလေသော်။ သခွါးယာစောင့်လည်း၊ ဟော့ယောက်ျား၊ ယာကိုမဝင်နှင့်။ ယာခင်လည်း၊ လူတယောက်ဝင်လာ၍၊ရိုက်နှက်သဖြင့်သေလေပြီ။နင်လည်းသေချင်သလောဟုဆို၏။အမတ်ကြီးလည်း၊ပြောင်ငါတို့သခင်ဖြစ်ရာသည်ဟုဆိုပြီးလျှင်၊ သခွါးနွယ်တို့ကိုဘွင့်ဖွင့်၍ကြည့်လေသော်၊မင်းကြီး အလောင်းကို မြင်ကာလ။ စစ်သည်ဗိုလ်ပါတို့အပြင်၊ တပါးသောမင်းတို့လည်းမင်းမရှိကြောင်းကိုအမှန်သိကြလျှင်။ငါတို့ပြည်ကို

လုယက်ဖျက်ဆီးကြလတ္တံ့ဟုကြံ၍၊ သခွါးယာခင်းစောင့်သော
တောင်သူယောက်ျားအားငါတို့အရှင်မင်းကိုနှင်သတ်ပြီးသော်၊
ငါတို့အရှင်ဝတ်သောအဝတ်တန်ဆာတို့ကိုဆင်ယင်၍ မင်းပြု
လော့ဟုဆို၏။ သခွါးယာစောင့်လည်း၊အမတ်ကြီး၏စကားကို
ကြားသော်၊ ဟေ့အမတ်ကြီး၊ ငါကားဆင်းရဲသားတကား၊ ငါ
ယာထွင် ခွေးနို့ရှိဘိသကဲ့သို့ သီးသော သခွါးသီးကိုပင်၍၊ အ
ဘယ်ကြောင့်ငါမင်းပြုအံ့နည်းဟုပြန်ဆို၏။ ထိုအခါအမတ်ကြီး
လည်း၊ ငါတို့မင်းကို နှင်အသေသတ်ပြီးလျက် မင်းမပြုဘဲနေရ
မည်လောဟု လည်ကုပ်ကိုညှစ်၍ သုံးချက်ထု၏၊ အရှင်အမတ်
ကြီး၊ငါ့ကိုမညှဉ်းဆဲလင့်တော့၊အမတ်ကြီးစကားကိုငါလိုက်နာ
အံ့၊သင့်အာဏာကိုငါမဆန်နိုင်။ မင်းပြုပါတော့မည်ဟုဆိုလျှင်။
မင်းကြီးဝတ်သော အဝတ်တန်ဆာတို့ကို ဝတ်စေ၍၊ ရှေးမင်း
ဟောင်းကဲ့သို့ မင်းပြုလျှင်၊သူတပါးတို့ မတုပငံ့ကြဟု အမတ်
ကြီးအမှတ်ရှိပြီးမှ ပြည်သို့ပြန်ကြလေ၏၊အမတ်ကြီးသည်၊ အ
စဉ်အတိုင်းငြိမ်သက်စေ၍ ပြည်သို့ရောက်လေပြီးသော်၊ ထီးဖြူ
ကိုဖွင့်၍၊ ရွှေအတိပြီးသောတရင်ကမောင်းအောက်၌နေစေ၍၊
အမတ်ကြီးသား တဆဲ့ခြောက်နှစ် မြောက်သောလုလင်ကိုမင်း
ကြီးအထံ၌ လုပ်ကျွေးစေရန်ပေးအပ်ဆက်သွင်း၏၊ ဘုရား
လည်း အမတ်ကြီးကိုမေးရာ၊အမတ်ကြီးလည်း အကြောင်းမျိုး
ကိုလျှောက်တင်ပြောဆိုလျှင်၊အမတ်ကြီးစကားကိုမင်းကြီးနား
ထောင်လေ၏။ ထိုအခါ၊လုပ်ကျွေးသောအမတ်ကြီးသားသည်၊
ဤမင်းကား ငါ၏အဘသူကောင်းပြုသောကြောင့်သာ မင်းဖြစ်
သည်ဟူ၍၊ မရိုမသေ မထေလေးစားပြုချေသောကြောင့်၊ မင်း
နှလုံးမသာဘဲငါသည် ရှေးသောအခါ သူဆင်းရဲဖြစ်၏၊ ယခုနင့်
အဘသူကောင်းပြု၍၊ငါမင်းဖြစ်ပြီ၊ငါ့အားမရိုမသေပြုရသလော
ဟုထောင်းထု ပုတ်ခတ်လေ၏၊ အမတ်ကြီးသားလည်း ထိုမင်း
ညှဉ်းပန်းနှိပ်စက်ကြောင်းကို အဘအမတ်ကြီးအား တိုင်ကြား
ရာ၊ အဘလည်း အမျက်ထွက်လျက်၊ဤသူဆင်းရဲကို ငါမင်းပြု

စေသည်တကားဟုမထေမဲ့မြင်မလေးစားမရှိမသေသေသောစကား
ကိုဆိုမည်ဟူ၍ နန်းတော်သို့တက်လေသော်၊ ထီးဖြူကိုစောင့်
သော ထီးချက်စောင့် နတ်ဘြီးသည် အမတ်ကြီး၊ဤမင်းကား
ဘုန်းကြီးသောမင်းတည်း။ မနာထိုသောစကားကို မဆိုလင့်ဟု
ဆီး၍ဆိုလျှင်းတံခါးရွက်၌ထားသောအရုပ်နှစ်ကောင်တို့သည်
အမတ်ကြီး လည်ကုပ်ကိုညွတ်၍ ထုကြလေ၏။ အမတ်ကြီး
လည်းအလွန်ဘုရားရှက်ကြောက်သဖြင့်သမားမိကိုတည်စေ၍၊
ဤမင်းကားအလွန်ဘုန်းကြီးစွတကား။မနာထိုအပ်သောစကား
ကို ဆိုမည်ဟူ၍ စိတ်ကြံကာမျှပင်လျှင်။ ဤသို့ ဖြစ်ချေတုံ၏ဟု
လက်အုပ်ချီ၍ မင်းကြီးကိုရှိသေစွာရှိခိုး၏။ ထိုကြောင့်ဘုန်း
လက်ရုံးနှင့် ပြည့်စုံသောသူတို့ကို မျက်ကွယ်မျက်မှောက်၌ပင်
ဖြစ်တင်စကားကိုမထေမဲ့မြင်မဆိုအပ်ကြ။ ပညာရှိတို့၏စကား
ကို မှတ်သားနာခံလေ့ ရှိသောသူတို့သည်၊ အပြစ်မှ လွတ်၍
အကျိုးခံကြရာသတည်း။ သူတပါးတို့၏အကျိုးကို မနာထိုဌါ။ရှ
စောင်းမြောင်းတတ်သောသူတို့သည်၊အပြစ်ကြီးစွာရောက်ရာ
သတည်း။ ပြည်ကိုအစိုးရသောအရှင်မင်းမြတ်တို့သည်၊တပါး
တည်းမသွားရာ။ သွားမိချေသောကြောင့် ထိုမင်း သေဘူးလေ
၏။တိုင်းပြည်ကိုအစိုးရသောမင်းပင်ဖြစ်သော်သည်း မင်းတို့၏
အဆောင်အရွက် အစီးအနင်းခင်းကျင်း လျှောက်ပတ်စွာ မပါ
လျှင် မသွားရာ။ အယုတ်သဖြင့် မူဆိုး တံငါမှသော်လည်း တ
ယောက်တည်းမသွားရာ။မင်းပင်ဖြစ်သော်ငြားအမတ်သော်မှေး၊
ကုန်သည်၊ သူဆင်းရဲတို့ပင် ဖြစ်သော်ငြား။ အပြစ်ရှိသော သူ
ကိုသော်သည်း မကဲ့ရဲ့အပ်။ အဘယ့်ကြောင့်နည်းဟူမူ၊ တန်း
ခိုးကြီးသော နေမင်းလမင်းတို့သည် ဂါးလုံးခေါင်း၏အတွင်း၌
အလင်းအရောင်ကို မထွန်းမပနိုင်ဘိသကဲ့သို့ငြား။ လမင်းသည်
တန်းခိုးကြီးလျက် နေနှင့်အတူသွားချေသော် ပျောက်ရချေ၏။
နက္ခတ်တာရာတို့သည်မြတ်ကြပါလျက်။မြင်းမိုရ်တောင်ကိုလှည့်
သွားရချေ၏။ နဂါးတို့လည်း မြတ်ပါလျက်။သားစိမ်းကိုစားကြ

လေ၏။ ဂင်္ဂါမြစ်လည်း မြတ်ပါလျက်။ လှေ သဘော်တို့ ဖျက်ဆီးချေ၏။ မယားတို့သည်မွန်ရည်ကြပါလျက်။ အိမ်နေကျွန်တို့ မကောင်းချေသောကြောင့် အသရေပျက်ရချေ၏။ ထို့ကြောင့် အထူးထူးသောသတ္တဝါတို့သည် အဘယ်လျှင်အဖြစ်မများဘဲ ရှိကြလေအံ့နည်း။ ။

## ၄။ ကုမာရကဿပရဟန်းနှင့်ပုညသေဋ္ဌေး၏ အကြောင်း။

ရှေးသောအခါ၊ ဝေဿဘူဘုရားလက်ထက်တော်၌၊ ကုမာရကဿပ ရဟန်းသည်၊ တခုသောတောအုပ်၌ သိတင်းသုံးနေ၏။ ထိုအရှင်သည်ကား၊ မဟာထေရ်ကျော်တည်း။ တနေ့သ၌ သေဋ္ဌေးသည်အိမ်သို့ပင့်၍ဆွမ်းကျွေးလေလျှင်။ သေဋ္ဌေးမယားသည် သ္မီးနှင့်အတူတကွ တရားနာ၏။ ရဟန်းကုမာရကဿပလည်း၊ ထိုသ္မီးကိုအာရုံပြု၍ တပ်မက်ခြင်း နိကန္တိ ဖြစ်လေ၏။ တရားဟောပြီး၍ ကျောင်းသို့လာလေလျှင်မကျိန်းမစက်တတ်၍ ရောဂါအနာဖြစ်ခဲ့၏။ တနေ့သ၌ သေဋ္ဌေးလည်းပင့်မည်ဟုသွားလေသော်။ အရှင်ရဟန်း၊အဘယ်ကြောင့်နာပါသနည်းဟုမေးလျှောက်ကာလ။ ရဟန်းလည်း၊ ဪဒါယကာ၊ ပုထုဇဉ်တို့၏ သဘောမည်သည်ကား။ သန်းဦးခေါင်းမျှ လောက်ရှိသော စက္ခုဝိညာဏ်မြင်လျှင်သတ္တဝါတို့၏ ပူပန်ခြင်းကိုဖြစ်စေတတ်၏။ စက္ခုဝိညာဏ်မြင်လျှင် တစုံ တခုသော အကြောင်းသည် စဉ်းလဲ၍ မနောဝိညာဏ်ကို တိုက်တွန်း နှိုးဆော်ဘိသကဲ့သို့ ရှိလေ၏။ ထိုသို့ရှိလျှင် နိကန္တိဖြစ်လေ၏။ ထိုသို့ဖြစ်လျှင် ပီတိဖြစ်၍ အာရုံနှင့်စပ်လေ၏။ ထိုသို့စပ်လျှင်သမာဓိ မတည်။ သမာဓိ မတည်လျှင်ဓါတ်ပျက်၍ ရောဂါအနာဖြစ်ခြင်းသို့ရောက်လေ၏။ ဟုဆို၏။ ထိုသို့ဆိုသောစကားကိုသေဋ္ဌေးကြားလျှင် အဘယ် မည်သော ဝတ္ထုနှင့် အရှင်ရဟန်း စိတ်တင်ဘွယ်ရှိသနည်းဟု

ဆင်ခြင်သော်။ အရှင်ရဟန်းကို ပင့်၍ ငါ့အိမ်၌ဆွမ်းဘုဉ်းပေးရန်ဟုရေ့ ငါ့သို့ဆွမ်းကိုမြင်၍၊ သွမ်း၌တပ်မက်ခြင်းဖြစ်ရာ၏။ အကယ်၍ အရှင် ရဟန်းကား ငါ့သို့ ဆွမ်းမြတ်နိုးခဲ့လျှင် အရှက်ကွဲခဲ့အံ့သောသည်းဟုနှလုံး ပန်သဖြင့် ငါ့အား ရောဂါအနာဖြစ်ခဲ့ရာ၏ဟုဆင်ခြင်ရာ၏။ သေမွေး စည်းစိမ်ကို စောင့်သောနတ်သည် သေမွေးသည်းမျှင်ဟန် ဘန် ဆင်းလေ၏။ အရှင်ရဟန်းဥသျှောင်စောင့်နတ်လည်း ဆင်ယောင် ဘန်ဆင်းလေ၏။ ထိုသေမွေးနှင့် အရှင်ရဟန်းတို့နေကြစဉ်ဆင် က သေမွေး ဦးကိုတမ်းမည်ဟုလိုက်လေ၏။ သေမွေးသည်းလည်း ကျောင်းသို့တက်ပြေးလေ၏၊ ဆင်လည်း ကျောင်းပေါ်သို့တက် ၍ လိုက်လေ၏။ သေမွေးသည်းလည်း အရှင်ရဟန်း၏ အပါးသို့ ရောက်လေ၏။ ထိုဆင်သည်ရဟန်းအပါးသို့ရောက်လျှင်းသေမွေး သည်းလည်း အရှင်ရဟန်း၌ရှိသော ကရားယိုထဲဝင်ပြေးလေ၏။ ဆင် သည်း ကရားထဲသို့ဝင်လိုက်လေ၏။ သေမွေးသည်းလည်း ကရား နှုတ်သီးကထွက်၍ အရှင်ရဟန်းအပါး၌နေလေ၏။ ဆင်လည်း ကရားနှုတ်သီးကထွက်၍ လိုက်မည်ပြုသော်၊ ကိုယ်ကားထွက် နိုင်၏ အမြီးကားမထွက်နိုင်၍ ကရားနှုတ်သီးဝတွင် ငြိလေသ တည်း။ ထိုအကြောင်းကို ကုမာရကဿပ မထေရ် မြင်လေ သော်၊ ဤအကြောင်းကားအံ့ဘွယ်သရဲ့ရှိစွတကား။ ဤအမှု အရာသည်အဘယ့်ကြောင့်ဖြစ်သနည်း။ ဖြော်။ ဖြစ်ခဲ့စွတကား ဟု။ ဥပမာကိုပါယို၍ ဆင်ခြင်သော်။ ရှေး၌ဖြစ်သောဥပမာကို လည်းမမြင်။ ဤ ကောင်းမြတ်သော အဆင်းကို ဆောင်သော သတ္တဝါကိုးကွယ်ချေသောကြောင့်ယခုမျက်မှောက်၌ဖြစ်သည် မဟုတ်တုံလောဟု မှတ်၍ သမာဓိတရားကို တည်စေပြီးလျှင်။ ယခု ငါသည် တူသောဥပမာကို ဆိုပေအံ့။ ဤကမ္ဘာမြေအပြင် ထက်၌ ဆင်ထက်ကြီးသောသတ္တဝါမည်သည်မရှိ။ ဆင်လိုက် သော ဘေးကိုကြောက်၍ သတ္တဝါလည်း ကျောင်းထက်သို့ တက်ပြေးလေ၏။ ဆင်လည်း ကျောင်းထက်သို့ လိုက်လေ၏။ သတ္တဝါလည်းမလွတ်နိုင်သဖြင့် ကရားထဲသို့ဝင်၍ပြေးသော်

လည်း ဆင်သည်ဝင်၍ ထိုက်ပြန်လေ၏။ သတို့ကြီးလည်း ကရား
နှတ်သီးကထွက်၍ ပြေး၏။ ဆင်လည်း ကရားနှတ်သီးကထွက်၍
ထိုက်သေင်၊ ကိုယ်ကား ထွက်နိုင်၏၊ အမြီးကား မထွက်နိုင်၍
ငြိလေသတည်း။ ဤဥပမာကဲ့သို့ ယခုလူတို့၏ ဝိညာဏ်သဘော
သည် သန်းဦးခေါင်းပမာရှိလျက် ခပ်သိမ်းသော သတ္တဝါတို့၏
ပျက်ခြင်းအကြောင်းကို ပြတတ်သော သဘောတရားတည်း။ ထို
ကြောင့် ဆင်ကား ရှင်ကုမာရကဿပ ရဟန်းနှင့်တူ၏။ စက္ခု
ဝိညာဏ်ကား ကရားနှတ်သီးတွင် ငြိသော ဆင်မြီးနှင့် တူ၏။
သေခြင်း အရှင်ကို ဘန်ဆင်းသောနတ်သည် အရှင်ကုမာရ
ကဿပအား နှလုံးသွင်းစေချင်၍ သံဝေဂ တရားကို ဆင်ခြင်
တော်မူပါဟုဆိုလျှင်၊ အရှင်ကုမာရကဿပ ရဟန်းလည်း ထို
စကားကိုကြား၍ ဆင်ခြင်သောခဏ၌ ရဟန္တာအဖြစ်သို့ရောက်
လေ၏။ ဤသို့ပြု၍ ပုညသေခြွေးနှင့် ကုမာရကဿပ ထေရ်
လည်း အမှုသည်နှစ်ပါးနှင့်တူ၏။ ပုညသေခြွေးကြီးကား၊ သူတို့
ကြိုက်နှစ်သက်သော ဝတ္ထုနှင့်တူ၏။ ပုညသေခြွေး၏ စည်းစိမ်
စောင့်နတ်နှင့်ရုက္ခစိုးနတ်ကဲ့သို့ ပညာရှိတရားသူကြီးတို့သည်
အမှုသည်နှစ်ဦးနှစ်သက်ကြေးကြစ်မှုသောင့် သုံးဖြတ်ကြရ
၏။ ထိုသို့သော တရားသူကြီးတို့သည် နတ်ရွာသို့သွားရန် ခရီးကို
သုတ်သင်ကြသည်ဟုဆိုရာ၏။

---

## ၅။ ဗြာဟ္မဏပုဏ္ဏားလေးယောက်တို့အကြောင်း။

သုဓမ္မဓရား လက်ထက်တော်၌၊ သင်္ကဿ နဂိုရ်ပြည်တွင် မဟာဗြာဟ္မဏလည်း တယောက်၊ မဇ္ဈိမဗြာဟ္မဏလည်း တယောက်၊ ချဒ္ဒကဗြာဟ္မဏလည်းတယောက်။ ရုဒ္ဒဗြာဟ္မဏလည်း တယောက်။ ဤလေးယောက်သောပုဏ္ဏားတို့သည် တယောက်ကို ငွေဒင်္ဂါးပြားရေတရာစီရ၍ သွားကြလေသော်၊ ရေချိုးအံ့သောငှါ ငါတို့လေးယောက်ဥစ္စာကို တပေါင်းတစုတည်းထား

ကြအံ့ဟု ဆိုကြ၏။ ထိုသို့ ဆိုကြပြီးသော်၊ သုံးယောက်သော ပုဏ္ဏားတို့ကား ခိုတိုင်း ထားကြ၏။ အငယ်ဆုံး ပုဏ္ဏားသည် အကောက်ကြံ၍ မိမိဥစ္စာကို တပါးမှာ ဖွက်ထား၏။ ထို့မှ သုံးယောက်သားတို့ဥစ္စာကို ငါနှင့်အမျှ ဝေရလတ္တံ့ဟု အတူထားသောအခြင်းအရာကဲ့သို့ပြုပြီးလျှင် ခေ့အတူချီကြလေ၏။ လေးယောက်လုံး ရေမှတက်ကြလေရာ၊ ပုဏ္ဏားသုံးယောက်၏ ဥစ္စာကားရှိ၏။ ပုဏ္ဏားအငယ်ဆုံးဥစ္စာကား မရှိသော်၊ ရှင်ပုဏ္ဏားတို့၊ ငါ၏ ဥစ္စာ ပျောက်ခဲ့သည်၊ ရှင်ပုဏ္ဏားတို့ ဥစ္စာကား အဘယ့်ကြောင့်ရှိတတ်လေသနည်း။ ငါ့ကိုပေးရမည်ဟုဆို၏၊ သုံးယောက်သော ပုဏ္ဏားတို့က၊ ဤနေရာသို့ လူသူလည်း မလာ၊ ငါတို့လေးယောက်ဥစ္စာထားရာတွင် မောင်မင်းဥစ္စာ ပျောက်ခဲ့သည်ကိုအဘယ့်ကြောင့် ငါတို့ပေးကြအံ့နည်းဟု အငြင်းအခုံဖြစ်ကြ၍၊ ရွာလက် တရားသူကြီးထံ အဆုံးအဖြတ် ခံအံ့ဟု သွားကြလေသော်။ ထိုတရားသူကြီးက သင်တို့လေးယောက်ဥစ္စာထားရာအနက်တွင်၊ ဟယောက်ဥစ္စာမပျောက်ကောင်း။ မင်းတို့ဥစ္စာကို လေးယောက် အညီအမျှ ဝေကြရမည်ဟု ဆုံးဖြတ်လေ၏၊ သုံးယောက်သော ပုဏ္ဏားတို့ကလည်း၊ အဘယ့်ကြောင့် ဝေရမည်နည်းဟု များစွာအငြင်း အခုံဖြစ်ကြ၍၊ မြို့ကွပ်ထံသို့တဖန်သွားရောက်ကြလေ၏။ မြို့ကွပ်လည်း အမတ်ကြီးသို့ရောက်ကြပြန်စေလေ၏၊ အမတ်ကြီးကလည်း ပြည့်ရှင်မင်းကြီးသို့ရောက်ပြန်စေလေ၏၊ ပြည့်ရှင်မင်းကြီးကလည်း ရွာလက်တရားသူကြီးကဲ့သို့သင့်ပေ၏။ ပုဏ္ဏား သုံးယောက်တို့က မနှစ်သက်ကြောင်းကိုဆိုကြပြန်လျှင်၊ မင်းကြီးလည်း အမတ်ကြီးသို့ဝန်ခံစေလို၍။ အမတ်ကြီးကိုခေါ်ပြီး၍။ အမတ်ကြီး၊ ခုနစ်ရက် အတွင်း ဤတရားကို ပြီးပြတ်အောင် စီရင် လော့၊ မပြီးပြတ်လျှင် သင်၏ဥစ္စာ စည်းစိမ်ကို ဖျက်ဆီး ယုတ်သိမ်းမည်ဟု ဆို၏။ အမတ်ကြီးလည်း အလွန်ကြောက်ရွံ့သဖြင့် ပုဏ္ဏား လေးယောက်ကို ခေါ်၍ ဖွေရှာ စစ်ကြော မေးမြန်း သော်လည်း မထင်နိုင်ဖြစ်

သောကြောင့်၊ အလွန်တရာစိုးရိမ်ပူပန်လေ၏။ ထိုအခါ၊စန္ဒကု
မာရီအမည်ရှိသောသတို့သမီးသည်။ အဘဦးငယ်သောအဖြစ်
ကိုမြင်လေသော်။ ခမည်းတော်မင်းမြတ်၊အဘယ့်ကြောင့်စိုးရိမ်
သနည်းဟုမေး၏။စန္ဒကုမာရီချစ်သမီး၊ဤပုဏ္ဏားလေးယောက်တို့
အမှု၊ ခုနစ်ရက်အတွင်း မပြီးချေသော်၊ ငါ၏စည်းစိမ်ပျက်ချေ
အံ့ဟုအလွန်စိုးရိမ်သည်ဟူ၍ ပြောလေ၏။ စန္ဒကုမာရီသတို့သမီး
လည်း။ ခမည်းတော် မင်းမြတ်၊ မကြောင့်ကြ လင့်။ ခိုးသူကို
အကျွန်ုပ် ရမိပေါ်ပေါက်အောင်ပြုပါမည်။ ကြီးစွာသောမဏ္ဍပ်
ကိုသာ ဆောက်လေလော့ဟုဆို၏။ အမတ်ကြီးလည်း ထိုဆို
တိုင်းပြုစေပြီးမှ။ထိုမဏ္ဍပ်လေးထောင့်၌ပုဏ္ဏားလေးယောက်ကို
နေကြစေ၍။စန္ဒကုမာရီကား အလယ်တွင်နေ၏။ညဉ့်ဦးယံလွန်
ပြီးသော်၊ သတို့သမီးလည်း ဆရာပုဏ္ဏားတို့၊ တဆဲ့ရှစ်ရပ်သော
အတတ်တို့၌ဖြစ်သောအကြားအမြင်၊ပညာတရားတပါး။အထူး
ထူးသော လောကနီတိ။ လောက ဝိနိစ္ဆာ။ လောက ဘာသာ။
လောကယတြာ။လက်သုတ္တိက။ ဤမှုဆန်းအနက်၊ ဗိန္ဓောဆေး
ကျမ်း။ပဉ္စဘုတ်။ရောဂနိဒါန်း။ဤသို့အထူးထူးသောအဟောတ်တို့
တွင် သင့်သောအရာတို့ကို ရှင်ပုဏ္ဏားတို့ ဆိုကြပါလော့၊ငါနား
ထောင်အံ့ဟုဆိုလျှင်။ အရှင်စန္ဒကုမာရီ၊ ငါတို့တတ်နိုင်ကြမည်
မဟုတ်။ အဘယ့်ကြောင့်နည်း ဟူမူကား။ ငါတို့လေးယောက်
သွားကြရာတွင်ကိုမျှ ငါတို့ကောက်ကျစ်ကြသည်ကိုလည်း သူ
မသိ။ သူကောက်ကျစ်သည်ကိုလည်း ငါတို့မသိကြဘဲ၊အရှက်
ကွဲလောက်အောင်၊ ပုဏ္ဏားတို့၏အကျင့်အာစာရ ပျက်စီးသည်
ဖြစ်သောကြောင့်၊ အထူးထူးမတတ်နိုင်ကြ။အရှင်မ စန္ဒကုမာရီ
သတို့သမီးသည်ကား။ အမတ်ကြီး၏ ခြေရင်းတော်၌ ဖြစ်သော
ကြောင့် များစွာအကြားအမြင်ရှိ၏။ အရပ်လေးမျက်နှာမှ လာ
သောအမေးပုစ္ဆာကို ကြားသိရသည်ဖြစ်သောကြောင့်။ ငါတို့
မှတ်ကြရအောင်ပြောပါလောဟုဆို၏။ဪ၊ဆရာတို့၊တပါး
သော စကားကိုကား ငါမတတ်။ ဥပမာကိုသော်ကား ငါဆို

ဒုံး။ ။ရှေးသောအခါ၌မင်းသား၊အမတ်သား၊သူဆင်းရဲသား၊သေဋ္ဌေးသ္မီး၊ဤလေးယောက်ကုန်သောသူတို့သည် တက္ကသိုလ်ပြည်မှာ အတတ်ပညာသင်ကြလေသော်၊ သေဋ္ဌေးသမီးလည်းဆရာသင်တိုင်းမှတ်သားပါ၏။ထိုသ္မီးလက်မှကညင်လွတ်ကျ၍ ငုံကြည့်ရာ၊အောက်ကမင်းသားရှိသည်ကိုမြင်သော်၊တခဏမျှကညင်ကိုကောက်ပါဟုဆို၏။မင်းသားလည်းသတို့သ္မီးကမ်းပါဆိုလျှင် ကမ်းမည်၊ သစ္စာတခွန်းကိုငါမှာပါမည်၊မိဘအရပ်သို့ရောက်သောအခါ ငါ့ကိုပန်းဦးအလျှင်ဆွတ်စေမည်လောဟုဆိုရာ၊သတို့သ္မီးလည်း ဗိုးရိမ်တော်မမူပါနှင့်၊အလျှင်ဆွတ်ရစိမ့်မည်ဟုဆိုမှကမ်းလေသတည်း။ သတို့သ္မီးကား အတတ်ပညာတတ်၍ အိမ်သို့ပြန်လေ၏။ မင်းသားလည်း ပြည်သို့ပြန်လေရာ၊ခမည်းတော်မင်းကြီး နတ်ရွာစံလျှင်၊ ပြည်ကိုစိုးအုပ် မင်းပြုရလေ၏။သတို့သမီးလည်းတဆဲ့ခြောက်နှစ်အရွယ်သို့ရောက်၍၊မိဘတို့စိတ်ရှိသော ယောကျ်ားနှင့် ပေးစား ထိမ်းမြားလေ၏။ထိုအခါ၊ လင်ကိုတောင်းပန်၏၊ ကျွန်တော်မ အရှင်မယားဖြစ်ချေပြီ၊ တခွန်းသောသစ္စာကို ကျွန်တော်မ တောင်းပန်ပါမည်၊တခဏမျှ အခွင့်ပေးပါဟု ဆိုကာလ၊ အဘယ့်ကြောင့် အခွင့်တောင်းသနည်းဟုမေး၏၊ ကျွန်တော်မသည် တက္ကသိုလ်ပြည်မှာအတတ်ပညာသင်စဉ်၊ မိဘအထံသို့ပြန်ရောက်သောအခါ၊ကျွန်ုပ်ထံသို့ အလျှင်ရောက်ပါဟု မင်းသားဆိုလျှင်၊ ရောက်ပါမည်ဟူသော သစ္စာတခွန်းကို ကျွန်တော်မဆိုဘူးခဲ့ပါသည်ဟုပြောကာလ၊ သတို့သမီး၏ ခင်ပွန်းလင်ကလည်း သစ္စာတခွန်းဟူသောအာဏာသည်၊ရှင်၊လူ၊ရဟန်းတို့၌အလွန်ကြီးလှသောကြောင့် ငါအခွင့်ပေးတော့မည်ဟုဆိုပေ၏။ ထိုအခါ၊အရှင်ဖြစ်သော လင်ယောကျ်ား၏ခြေကိုဆံပင်ဖြင့်ပွတ်ပြီးလျှင်၊ အဝတ်တန်ဆာတို့ကို ကောင်းစွာ ဝတ်ဆင်၍ သွားလေသော်၊ ခရီးအကြား၌ခိုးသူနှင့်တွေ့၍ သတို့သမီးကိုမြင်လျှင်၊လက်ကိုမြဲစွာဆွဲကိုင်လျက်အဘယ်သို့သွားမည်နည်း၊အရာမဟုတ်သောမိန်း

မဏ္ဍိုသွားခြင်းကား သတ္တိဘွိုး၏ အသက်သည်ရင်း၊ အဝတ်တန်ဆာသည်ရင်း ငါ၏အတ္တိဖြစ်သည်တကားဟုဆိုလျှင်၊ သတ္တိဘွိုးလည်း နိုးသူအတ္တိဖြစ်သည့်မှန်ပေ၏၊ ငါ၏သွားခြင်းကား တက္ကသိုလ်ပြည်မှာအတတ်ပညာသင်စဉ်၊ မင်းသားတပါးသည် သတ္တိဘွိုးပြည်သို့ရောက်သောအခါ၊ ငါ့ထံအလျင်ငါ [illegible] လေး [illegible] ဆိုရာ၊ လာပါမည်ဟူ၍ အာမခံခဲ့သောသစ္စာစကားကို [illegible] ခဲ့ချင်အပါယ်လေးဘုံ၌ ဖြစ်ရချေတော့မည်။ သူတောင်ကောင်းတို့ နေရာသို့ကျွန်တော်မ ခရောက်ချေတော့မည်ဖြစ်သောကြောင့် မိဘတို့ထိမ်းမြားသောလင်ကိုပန်ကြားခဲ့၍ လာပါသည်ဟုဆို၏၊ နိုးသူကလည်းထိုစကားကိုကြားလျှင်၊ သတ္တိဘွိုး၊ မင်းသား၌သစ္စာမြဲသကဲ့သို့၊ သစ္စာတခွန်းမြဲပါစေ၊ ပြန်သောလျှင် ငါ့ထံသို့ဝင်လာခဲ့မည်ဟုဆို၍ လွှတ်လိုက်၏၊ ထိုနိုးသူသက်မှလွတ်၍ သတ္တိဘွိုးသွားသောသော်၊ ညောင်ပင်သို့ရောက်လေ၏၊ ညောင်စောင့်နတ်ကလည်းအဘယ်သို့သွားမည်နည်းဟု သတ္တိဘွိုးအားမေးကာလေ၊ အရှင်ညောင်စောင့်နတ်မင်း၊ အရှင်၏ထံသို့အကျွန်ုပ်ကား ရောက်လေပြီ၊ ကျွန်ုပ်သည်ကား တပါးသောအကြောင်းကြောင့်မလာခဲ့၍ဆိုသကဲ့သို့၊ ညောင်စောင့်နတ်ကဲ့ဆိုပြန်လျှင်၊ သတ္တိဘွိုး၊ မင်းသား၌သစ္စာမြဲသကဲ့သို့၊ မြဲပါစေ၊ ပြန်လျှင် ငါ့ထံသို့ဝင်လော့ဟုဆို၍လွှတ်လိုက်၏၊ သတ္တိဘွိုးသစ္စာမြဲသောကြောင့်မင်း၏နန်းတော်စောင့်နတ်လည်း တံခါးကိုဖွင့်ပေး၍ သတ္တိဘွိုး မင်းအထံသို့ရောက်လေသော်၊ မင်းကအဘယ်ကြောင့်လာသနည်းဟု မေး၏၊ အရှင်မင်းကြီး၊ တက္ကသိုလ်ပြည်မှာအတတ်ပညာသင်ကြသောအခါ၊ ပဋိညာဉ်ပေးသော သတ္တိဘွိုးသည် တက္ကသိုလ်ပြည်ကရောက်လျှင်မိဘတို့ထိမ်းမြားကြလေပြီ၊ ထိုသို့ပေးစားထိမ်းမြားသောအိမ်ရှင်လင်ကိုပန်ကြားခဲ့၍ အရှင့်ထံသို့ကျွန်တော်မရောက်ပါသည်ဟုဆိုလျှင်၊ မင်းသားလည်းအံ့ဘွယ်ရှိစွာ့တကား၊ သတ္တိသမီးသစ္စာမှန်လှပေ၏ဟူ၍ ချီးမွမ်းပြီးမှ၊ သတ္တိဘွိုး၊ သင်၌တည်သောသစ္စာကို ငါမှစေ့ပါမည်ဟုပူဇော်၍ လွှတ်လိုက်၏၊ သတ္တိ

သမီးလည်း များစွာသောဥစ္စာကိုယူ၍လာလတ်သော်၊ ညောင်စောင့်နတ်နေရာသို့ရောက်လေလျှင်။ ဤအရှင်ညောင်စောင့်နတ် အိပ်သည်လော မအိပ်သည်လော။ငါကားမင်းသားကိုသစ္စာဖြေပြီး၍၊ ငါ့အသက်သည် အရှင် ညောင်စောင့်နတ်မင်း၏အရာဖြစ်တော့သည်။ သစ္စာ စကားကို မဖောက် မပြန်ဘဲ အရှင်နတ်မင်း၏ အထံသို့ ရောက်လာပြီဟု ကရဝိက် ငှက်သံကဲ့သို့ဆို၏။ညောင်စောင့်နတ်ကလည်း သတို့သမီးအသံကိုကြားလျှင်၊ သတို့သမီး၊အကြင်သူသည် ရန်သူ့လက်ကလွတ်၍မိမိအသက်ရှင်သည်ကို တဖန်သေမည်ဟု ရန်သူ့လက်သို့ လာပြန်သည်ကား အလွန်ဖြစ်ခဲစွဟုဆို၏။ အရှင် ညောင်စောင့် နတ်မင်း၊ အသက်ကိုနှမြော၍ အကျွန်ုပ်သစ္စာကိုဖောက်ပြန်သဖြင့်မဝင်ဘဲ သွားချေသော်၊ အပါယ် လေးဘုံ၌သာ ဖြစ်ရ ချေတော့မည်၊ သူတော်ကောင်းတို့၏နေရာအရပ်သို့မရောက်ချေရာပဲဟူ၍ ဆို၏။ သတို့သမီးသစ္စာစကားကို ရွှေမြှူတာတအိုးဖြင့် ပူဇော်ပြီးလျှင်၊ အသက်ထက်ဆုံးစားလော့ဟုဆို၍ လွှတ်လိုက်လေ၏။သတို့သမီးလည်းညောင်ပင်ကသွားသော်။ခိုးသူနေရာသို့ရောက်ပြန်လေ၏။ ခိုးသူလည်း အိပ်၍နေနှင့်လေ၏။အိပ်စဉ်တွင် သွားသော် လွတ်ကောင်းပါလျက် ဤအရှင်ခိုးသူဟု နှိုးပြီးလျှင်။ ကျွန်ုပ် အသက်သည်ရှင်း။ကျွန်ုပ်တွင်ပါသောဥစ္စာတဏှာသည်ရှင်း၊ အရှင်ခိုးသူအတို့ဖြစ်ချေပြီ။ ယခု အကျွန်ုပ် သစ္စာကြောင့် ရောက်လာပြီ၊ အရှင်၏အလိုအလျောက် မငြင်းမဆန်ပြီဟုဆို၏။ ခိုးသူလည်း၊ အံ့သြယ်သရဲရှိစွတကား။လောကတွင်ဖြစ်ခဲလှစွာသောသစ္စာစကားကို စောင့်ပေပြီတကား။ ဤသို့သော သူကို ငါဖြစ်မှား ချေမသော် ဆင်းရဲကြီးစွာခံရချေအံ့သတည်း။ အလျှင်သွားလေတော့ဟု လွှတ်လိုက်၍ မိမိလင်အထံသို့ရောက်လျှင်၊ ထိုသို့ဆိုအပ်ခဲ့ပြီးသောခိုးသူ။ညောင်စောင့်နတ်။မင်းသားတို့၏စကားကို ပြန်ပြောပြီးသော်၊ သတို့သမီးပြုသောအရာကို နောက်မှ လင်ချီးမွမ်း၏။ထိုစကား၏အဆုံး၌စန္ဒကုမာရီသတို့သမီးလည်း။အရှင်

ပုဏ္ဏားတို့။ယခုအကျွန်ုပ်ပြောသောစကားတွင် အဘယ်သူကို
ချီးမွမ်းအပ်ပါသနည်းဟုမေး၏။ ပုဏ္ဏားကြီးကား၊အရှင်အမတ်
ကြီးဘုရား။ အကျွန်ုပ်ကား မင်းသားကိုချီးမွမ်း၏။ အဘယ့်ကြောင့်
နည်းဟူမူကား။မိမိပန်ခဲ့သောသစ္စာပန်းဦးကိုမယူ၊ပယ်၍၊ မင်း
ကျင့် တရားဆယ်ပါးနှင့် ညီသောကြောင့်၊ အံ့ဘွယ်သရဲ ရှိစွာ
တကားဟုငါချီးမွမ်း၏။ ။ပုဏ္ဏားတယောက်ကား။အမတ်ကြီးဘုရား၊
ကျွန်ုပ်မူကား ဉာဏ်စောင့်နတ်ကို ချီးမွမ်း၏။ အဘယ်ကြောင့်
နည်းဟူမူကား။ ယောကျ်ားတို့၏ စိတ်သည် အလွန်စောင့်နိုင်
ခဲလျက်၊ရက္ခဇိုဝ်း စိတ် စောင့်နိုင်သည်ဖြစ်၍၊အံ့ဘွယ်သရဲရှိစွာ
တကားဟု ချီးမွမ်း၏။ ။ပုဏ္ဏား တယောက် ဆိုတုံ၏။ အရှင်
အမတ်ကြီးဘုရား၊အကျွန်ုပ်သော်ကား လင်ကိုချီးမွမ်း၏။ အဘယ်
ကြောင့်နည်းဟူမူကား။ အလွန်စင်ကြယ်စွာသောပတ္တမြားကို
ဆေးသော ရေနှင့် တူသည့် ဖြစ်လျက်။ အာရုံ၌ မတပ်သော
ကြောင့်၊ မိမိမယား အခွင့်တောင်းလျှင်။ အခွင့်ပေး၍၊ လွှတ်
လိုက် သည်ကား။ ထိုယောကျ်ား၏ စိတ်သည် အံ့ဘွယ်သရဲ
ရှိစွာတကားဟုချီးမွမ်း၏။ ။ပုဏ္ဏားအငယ်ဆုံးဆိုတုံ၏။ အရှင်
အမတ်ကြီးဘုရား၊အကျွန်ုပ်သော်ကား ခိုးသူကိုချီးမွမ်း၏။အဘယ်
ကြောင့်နည်း ဟူမူကား။ ခိုးသူ၏ သဘော သည် အသက်ကို
စွန့်၍၊ အသက်မွေးသည်။ ထိုသို့အသက်မွေးသောသူဖြစ်လျက်
အဝတ် တန်ဆာ ကိုသည်း မတပ်စွန်း၊ ပယ်လွှတ်လိုက် လေ
သည်။ ဥစ္စာရွှေငွေကိုလည်း မတပ်၊ ပယ်လွှတ်လိုက်လေသည်။
သို့ဖြစ်၍၊ ထိုခိုးသူသည်မြတ်၏ဟုချီးမွမ်းထောမနာပြု၏။ ။အ
မတ်ကြီးဘုရား၏ကိုယ်လုပ်တော်ဖြစ်သော သတို့သမီးဆို၏။ ဒီအ
ရှင်ဘုရား၊သုံးယောက်သောပုဏ္ဏားတို့သည် မင်းသားကိုရင်း။ဉာဏ်
စောင့်နတ်ကိုရင်း။မိဘပေးစားသောလင်ကိုရင်းချီးမွမ်းကုန်၏။
အငယ်ဆုံးသောပုဏ္ဏားမူကား ခိုးသူကိုချီးမွမ်း၏။ ထိုစကားကို
ကြားလျှင် အမတ်ကြီးဘုရားသည်။ ပုဏ္ဏားလေးယောက် တို့တွင်
ပုဏ္ဏားအငယ်ဆုံးစကားသည်ရခဲသော ဥစ္စာပစ္စည်းဖြစ်လျက်။

အနိုကဠ်မတပ်စွန်း၊ ပယ်လွှတ်လိုက်ပေသည်လျှင်။ ခိုးသူသည် မြွတ်၏ဟု ဆိုသောအလိုဖြင့်။ ပုဏ္ဏားအငယ်ဆုံးလက်၌ပင်ဥစ္စာ ရှိလေ၏။ ။ထိုသို့ဖြစ်သောကြောင့်၊အစ်မကြီး ငါ၏အသွင်ပြု ပြီးလျှင်ပုဏ္ဏားအငယ်ဆုံးထံသို့သွား၍၊ဤသို့ဆိုလေ။ကျွန်ုပ်သည် ကား တပါးကြောင့်မလာ။ သုံးယောက်သော ပုဏ္ဏားတို့သည် သူ့မိုက်တို့ချည်းတကား။ ရှင်ပုဏ္ဏားအငယ်ဆုံးမှုကားပညာရှိလှ ပေသည်။ရှင်ပုဏ္ဏားလည်း ခင်ပွန်းမရှိ၊လုလင်ပျိုဖြစ်၍။ ခင်ပွန်း ပြုအံ့သောငှါ ကျွန်တော်မ လာပါပြီ။အဘယ်သို့သောအမှုကိုပြု ၍၊အရှင်နှင့် ကျွန်ုပ်အတူနေရမည်နည်း။ ကျွန်ုပ်လည်း အဘကို ကြောက်ရွံ့သည်။ သင်ပုဏ္ဏား၌ရှိသော ဥစ္စာလည်း ပျောက်ခဲ့ သည်။ ကျွန်ုပ်မှာလည်း လက်ချည်းဖြစ်ခဲ့သည်။ သင်ပုဏ္ဏားနှင့် ကျွန်တော်မသည် တပါးသော အရပ်သို့သွားသော်၊ အသက် မွေးစရာမရှိခဲ့တကားဟုအစ်မကြီးဆိုပါလေ။ဤသို့စီရင်မှာထား လိုက်ပြီးသော်။စာချီနှင့်သွားလေစေ၍။ပုဏ္ဏားမြင်လျှင် မေးလင့် ၏။စာချီလည်းငါမှာတိုင်းဆိုလေ၏။ပုဏ္ဏားငယ်လည်းထိုစကား ကိုကြားလျှင် အလွန်ဝမ်းမြောက်ဝမ်းသာသည်ဖြစ်၍။ သတို့ ဘွိုး၊မကြောင့်ကြလင့်။ ငါ့တွင် ဥစ္စာလည်း မပျောက်။လက်တွင် ပင်ရှိ၏။ အတို့အရရအောင်သာငါပြုသည်။ အသက်မွေးလော် အောင်လည်းရှိပါ၏။ တပါးအရပ်သို့သွားသော်လည်း ငါ့တွင် အသက် မွေးစရာရှိသည် ဟုဆို၏။ စာချီလည်း မှတ်သား ၍ ပုဏ္ဏားငယ်ပြောသမျှစကားကိုအမတ်ကြီးဘွိုးအားပြောပေ၏။ အမတ်ကြီးဘွိုးလည်းအဘထံသွား၍။ ဘခင်အရှင်အမတ်ကြီး၊ ပုဏ္ဏားငယ်လက်၌ဥစ္စာရှိသည်မှန်လေပြီ။ယင်းသည့်ဥစ္စာနှင့်အမျှ ကျွန်ုပ်ကိုဥစ္စာပေးမှ ထိုဥစ္စာကိုရအံ့ဟုဆို၏။အမတ်ကြီးလည်း ဘွိုးဆိုတိုင်းပေးလိုက်၏။ ဘွိုးလည်း ထိုဥစ္စာကိုစာချီအားပေး၍၊ ဤသို့သင်လေ၏။ အစ်မကြီးသွား၍၊ ပုဏ္ဏားနှင့်အတူ နေလေဦး တော့။ယခုဥစ္စာကိုလည်းပြ၍၊သင်သည့်အတိုင်းပြောလေ့ဟုမှာ လိုက်၏။ စာချီလည်း ပုဏ္ဏားအား ဥစ္စာပြ၍၊ လုလင်ပုဏ္ဏား၌

ရှိသောဥစ္စာကိုကျွန်မအားပြပါလော့။ကျွန်မမှာဥစ္စာအနည်းငယ် မှုပါသောကြောင့်ထိုဥစ္စာနှင့်အတူထား၍၊သင်ပုဏ္ဏားနှင့်တပါး အရပ်သို့ သွားကြသော်လည်း စားသော်ကြနိုင်အံ့ သတည်းဟု ဆိုလျှင်။ပုဏ္ဏားငယ်က။မိမိဥစ္စာကိုပေး၏။ စာချီလည်း ထိုဥစ္စာ ကိုယူ၍ အမတ်ကြီးသမီးအားပေးလေ၏။ အမတ်ကြီးသမီးလည်း ဝမ်းမြောက်ဝမ်းသာရှိလေ၍၊ အစ်မကြီး၊ သုံးယောက်သော ပုဏ္ဏား ကြီးတို့ကို သည်နည်းချည်းဆို၍ တောင်းလေတော့။ ရှင်ပုဏ္ဏား သုံးယောက်တို့ဥစ္စာကို ကျွန်ုပ်အားပေးလင့်ဦး။ ဟုရသောအရပ်၌ ကျွန်ုပ်ထားမည်။ကိုယ်တို့လေးယောက်လုံး၌လုံးပြည့်ကြအံ့ဟုဆို၍ တောင်းသော်။ ပုဏ္ဏားကြီး သုံးယောက်လည်း ကောင်းပြီဆို၍ သတို့သမီးစကားအတိုင်းသုံးရသောဥစ္စာကိုပေးလေ၏။သတို့သမီး လည်းလေးယောက်သောပုဏ္ဏားတို့၏ဥစ္စာရပြီဆို၍၊ခမည်းတော် အမတ်ကြီးအား လျှောက်လေ၏။ အမတ်ကြီးလည်း အရှင်မင်း ကြီး၊ လေးယောက်သော ပုဏ္ဏားတို့၏ ဖြစ်ပွါးခြင်းဥစ္စာရပြီဆို၏။ အဘယ်သို့ပိစစ်၍ရသနည်းဟုမင်းကြီးမေးသော်၊အကျွန်ုပ်သမီး ပိစစ်၍ ရပါသည်ဟု ဆိုလေ၏။ မင်းကြီးလည်း သတို့သမီးကို ပုဏ္ဏားလေးယောက်တို့နှင့်တကွခေါ်၍မေး၏။ သတို့သမီးလည်း ၎င်း အရာသည်စဉ်းလဲလျက်ကြံဘွယ်သောအရာတည်း။ ပုဏ္ဏား လေးယောက်သည် ပညာရှိခြင်းဖြစ်ချေတုံ၏၊ ငါတို့ပုထုဇဉ်သ ဘောကားလောဘ၊ဒေါသ၊မောဟတို့၏ကျွန်ဖြစ်သောကြောင့်၊ တရသောဝတ္ထုကိုဆိုမည်းသောတပိညာဏ်အရာသည် စက္ခု ပိညာဏ်အရာကို တိုက်တွန်းလေ၏။ စက္ခုပိညာဏ် မြင်လျှင် မနောပိညာဏ်အားတိုက်တွန်းလေ၏။ထိုသို့တိုက်တွန်းလေလျှင် လောကန္ဓစပ်လေသတည်း။ထိုသို့စပ်လေလျှင် ပညာမှုယုတ်ချေ သတည်း။ပညာမှုယုတ်ချေလျှင်အဆင်အခြင်မရှိဘဲမကောင်းမှု ကိုပြုတတ်သောကြောင့် သံသရာဝဋ်ဆင်းရဲ၌ မြဲမြံစွာလျှင်ကျ ကုန်သတည်း။ထိုစကားကိုသတို့သမီးပြောပြီးလျှင်။မင်းရှေ့တွင် ကိုယ်တို့၏ဥစ္စာ လေးရကိုထား၏။ ဥစ္စာရှင် ယူလေကုန်ဟုဆို

လေလျှင်၊ပုဏ္ဏားတို့သည် မိမိတို့၏ဥစ္စာသုံးရကိုယူကြပြီးလျှင်။ တရကြွင်းသော ဥစ္စာကို ပုဏ္ဏားငယ် ယူသော်။ ဥစ္စာပျောက်ခဲ့သည်ဆိုလျက်။ ယခုပုဏ္ဏားငယ်၏ဥစ္စာရှိပြန်သည်တကားဟုမင်းကြီးဆိုလျှင်။ပြော်၊အရှင်မင်းကြီး။ ရှေးက မိမိဥစ္စာကို မိမိဝှက်၍ထားချေသည်။ယခုမိမိဥစ္စာကိုမိမိပင်ညွှန်ပြပြီဟုအမတ်ကြီးသမီးဆိုပေ၏။ ထိုလေးယောက်သော ပုဏ္ဏားတို့ ဥစ္စာရကြလျှင်။မင်းကြီး၏ထီးချက်စောင့်နတ်သည်လည်း သာဓုခေါ်ပေ၏။ မင်းကြီးသည်း သတို့သမီးပညာရှိစွာတကား။အရပ်ရှစ်မျက်နှာမှလာလတ်သောမင်းစေတမန်တို့၏ပြဿနာတို့ကိုစစ်ဆေးပြောဆိုနိုင်လတ္တံ့ဟု မိဘုရားကြီး အရာမြှောက်လေ၏။ ထို့ကြောင့်တရားသူကြီးတို့သည်။ဤစကားကိုထုံးပြု၍၊ပညာဖြင့်ရှုစမ်းဆင်ခြင်ဆုံးဖြတ်ရာသတည်း။ ။

---

## ၆။ သေဌေးသား၊သေဌေးသမီးနှင့်၊ပေတလုလင်တို့၏ အကြောင်း။

ရှေးသရောအခါ၊သုမေဓါဘုရားလက်ထက်တော်၌၊ကေတုမတီပြည်တွင်မရေမတွက်နိုင်အောင်ဥစ္စာရှိသော သေဌေးသားနှင့်၊ဘောဂအမည်ရှိသော သေဌေးသမီးကို၊မိဘတို့ဂိတ်တူထိမ်းမြား ပေးစားကြလေ သတည်း။ ထိုအခါ၊ သေဌေး သားသည်ဤသို့ဆို၏။ ငါတို့မိဘဝယ်၊ များစွာသောဥစ္စာရှိ၏။ ငါတို့မှာမူမရှိပါသောကြောင့် သဘော်စီး၍လင်္ကာဒီပသို့သွားမည်ဟုဆို၏။ မယားဖြစ်သူ သေဌေးသမီးက၊အမောင်ကုန်သွယ်သွားလျှင်ကျွန်မကိုးကွယ်ရာမရှိပါ။ဆင်းရဲသောသူသည်သာလျှင်သမုဒြာကိုကူးတုံ၏။ အရှင့် မိဘနှင့် ငါ့မိဘမှာမူကား မရေတွက်နိုင်အောင် များစွာသောစည်းစိမ်ချမ်းသာ ရှိပါလျက်၊ မသွားလေနှင့်ဟု မေတ္တာစကား ကြားလျှင်။ သေဌေးသားက လုံ့လပြု၍ရသောဥစ္စာသည်သာလျှင်မြတ်၏။လုံ့လပြု၍သမုဒြာတွင်သော်ငြား

သေဘ်လည်း ဖြတ်သည်သာတကား။ ဥစ္စာမရှိသောယောကျ်ား
သည် ယုတ်ညံ့စွာ၏။ ရှက်ကြောက်ဘွယ်လည်းဖြစ်၏။ သူတို့
နေထိုင်ခြင်း သည်ရှင်း။ စားသောက်ခြင်း သည်ရှင်း။ ယုတ်နိမ့်
သတည်း သမုဒြာ၌ အသက်ကိုစွန့်၍သွားသောသူသည် ဥစ္စာ
မရသော်လည်း၊ သူတို့၏ချီးမွမ်းရာတကားဟု ပညာရှိတို့ဆိုကြ
ကုန်၏။ ထိုကြောင့်ငါသွားမည်ဟု အရင်းအနှီးယူ၍ သွားလေ
သော်။ သေဌေးကြီးသည် ပေတလုလင်နှင့်ဆက်ဆံကြ၍ ပေတ
လုလင်က။ သေဌေးကြီး၊ ယခုကားငါ တို့အဘွားသေကြပြီ။ အခွင့်မ
ခင်ပွန်းရောက်သောအခါ အသို့လျှင်ငါတို့အကျေနပ်ရအံ့နည်းဟု
ဆို၏။ သေဌေးသမီးသည်။ ဘရုသေးအကြံကိစ္စကားကိုဆို၏။
သုသာန်တစပြင်၌ပစ်သောသူကောင်ကိုယူစေ၍၊ ပြာသာဒ်ထက်
သို့တင်စေပြီးလျှင်၊ မီးတိုက်သော်။ သေဌေးကြီး သေသည်ဟူ၍
ဆိုကြလတ္တံ့။ ငါတို့နှစ်ယောက်သည်တပါးအရပ်သို့ထွက်သွားနေ
ကြအံ့ဟုဆို၏။ သေဌေးကြီးဆိုတိုင်း သူကောင်ကိုအိမ်ထက်သို့
တင်၍မီးတိုက်ခဲ့ပြီးလျှင်၊ တပါးအရပ်သို့သွားကြလေ၏။ မိဘတို့
လည်းအကယ်ပင်မီးလောင်သည်အမှတ်နှင့်အလွန်တရာငိုကြွေး
ခြင်းကို ပြုသဖြင့် အကောင်ကိုဖုတ်၍ သင်္ဂြိုဟ်ကြလတည်း။
ပေတလုလင်နှင့်သေဌေးကြီးလည်း တပါးအရပ်၌နေကြလေ၏။
ထိုနေသောအရပ်တွင်စားသောက်ရန်မရှိ၊ အလွန်ဆင်းရဲသည်
တကား။ ငါတို့အရပ်သို့ပြန်၍ ငါတို့မိဘမြင်ကြလျှင်၊ ငါ့ကြီးနှင့်
တူသည်ဟူ၍၊ ဥစ္စာပေးကြလတ္တံ့။ ထိုသို့ပေးက ငါတို့စားသောက်
စရာရကြလတ္တံ့ဟုသေဌေးသမီးဆို၍သွားကြလေသော်။ မိဘတို့
၏ ဥယျာဉ်ရှေ့ကန်သို့ ရောက်ကြလေလသတည်း။ ရေကန်အနီး
ပန်းပင်ရိပ်တွင်တည်းခိုနားနေကြသောအခါ၊ သေဌေး၏လုလင်
တို့သည် ကြီးကိုယ်စားညောင်ရေသွန်းနှုန်းဟု ရေခပ်လာကြရာ။
သေဌေးကြီးကိုမြင်ကြလေ၍၊ သေဌေးအား အကြောင်းမျိုးကို
ကြားကြပေ၏။ သေဌေးသည် ကြီးကိုမြင်လျှင် ငိုကြွေးတမ်း၍
အိမ်သော်ရှင်သေဌေးမကျွန်မတို့ကား ခရီးသွားကြသူတည်း။

ယခုကျွန်ုပ်တို့သွားကြပေအံ့ဟုဆို၏။ သေဋ္ဌေးမကလည်း မသွား
ကြပါနှင့်။ ငါတို့သမီးကိုယ်စားမွေးပါမည်ဟုဆိုသဖြင့် အိမ်သို့
ခေါ်၍ပြုသာဒ်ဆောင်၍ထားလေသတည်း။ ထိုအခါ၊ လင်ရင်း
ဖြစ်သော သေဋ္ဌေးသားပြန်ရောက်လာ၍၊ မိမိမယားအကြောင်း
ကိုမေးကာလ၊ ပြုသာဒ်နှင့်တကွ မီးလောင်၍ သေခဲ့သည်ဟု
ကြားလျှင်၊ ငိုကြွေးတမ်းတ၍၊ အဘအမိဆောက်လုပ်သောပြုသာဒ်
ကိုဝင်ကြည့်ရာ မိမိမယားကို မြင်ကာလ၊ ငါ့မယားရှိလျက်ပင်
အဘမိခင်အကြောင့် သေပြီဆိုလေသနည်းဟု ရွှေသက်သူကြီးထံရွှေ့
သော် ပြုသာဒ်နှင့်တကွမီးလောင်၍ သေကြောင်းကို သေသကျွ
မှုနှင့် လူအများတို့သိကြသောကြောင့်ရှုံးလေ၏။ မသက်သာ၍
မြို့တွင်းအမတ်ထံသို့ ရောက်လေသော်လည်း အရှုံးပင်ပေးပြန်
လေ၏။ မြို့စိုးမင်းကြီးထံသို့ရောက်သောကာလ၊ မင်းသည်
သေလျက်ရှိသည်ဟုကြားကြောင့်၊ မင်း၏ထီးဖြူစောင့်နတ်ဖိုးသည်
မင်းကြီး၊ ဤအမှုသည် မဟာဂတိတည်သောသူတို့၏ အရာ
ဖြစ်၏။ သို့ဖြစ်၍ မင်းကြီး၏အမတ်ကြီးသည်၊ တရားဆုံးဖြတ်ခြင်း
၌လိမ္မာသည် မဟုတ်သေးဟုသတိပေးလျှင်။ အမတ်ကြီးကို
ခေါ်တော်မူ၍၊ ဤအမှုကိုပြီးအောင်စီရင်လော့။ မပြီးလျှင်အမတ်
ကြီး၏ခေါင်းကို ဖြတ်ပစ်အံ့ဟုဆို၏။ အမတ်ကြီးနှလုံးမသာ
ရှိသည်ကိုမြင်သောသမီးခမည်းတော်၊ အဘဘယ့်ကြောင့်နှလုံး
မသာမှုံတော်မူသနည်းဟု မေးရာ၊ မင်းကြီးအမိန့်တော်ရှိကြောင်း
ကိုပြောပြလေ၏။ ခမည်းတော်မင်းကြီး၊ မကြောင့်ကြသင့်
သုံးယောက်ကိုဆိုး [illegible] လာကြပါစေ။ ငယ်သေး နေရာကို
သည်း [illegible] ကပါစေ အမှုသည်သုံးယောက်တို့ကို စောင့်သုံး
ရက်နှင့်တွင်အသီးအသီးနေပါစေ။ ကျွန်မကား အသယ်တွင်
နေ၍စစ်မေးပါမည်ဟုဆို၏။ ထိုသို့ဆိုသည့်အတိုင်း စီရင်ပြီးမှ
သေဋ္ဌေးသားကိုခေါ်၍ မေးသည်မှာ၊ တုန်းကြက်သရေနှင့် ပြည့်
စုံသောယောကျ်ားမြတ်၊ အမောင်သေဋ္ဌေးသားသည် အသက်
ကိုစွန့်၍ သမုဒ္ဒရာကိုကူးပြီးလျှင် ဥစ္စာရှာသွားပြီးနောက်၌အခုပ်

တွင် ပြာသာဒ်နှင့်တကွမီးလောင်၍ အမောင့်မယားသေလေပြီဟု လူအများဆိုကြသတည်း။ အမောင့်မိဘလည်း ကြွယ်ဝပါလျက်ပင်၊အမောင်သည်လည်း သမုဒ္ဒရာကိုကူး၍ များစွာသောဥစ္စာရခဲ့သူ ဖြစ်ပါလျက်၊ မိန်းမတယောက်ကို ယောကျ်ားနှစ်ယောက်လုကြခြင်းသည် မသင့်ပါတကား။ ဤသတို့သ္မီးသည်၊ သူ့မယား ဖြစ်သည် မှန်ပါလျက်၊ ငါ့မယားဟု စွဲဆိုလေသောကြောင့်၊ မင်းစသော အမတ်ကြီးတို့လည်း အရှုံးပေးကြလေသည်။ အမောင့်မယား မှန်ပါလျှင်၊ အဘယ့်ကြောင့် လျှို့ဝှက်ကွယ်ထောင့်ပါအံ့သနည်း။ ငါဆိုမည်၊ ငါ့စကားကို အမောင်လိုက်နာကောင်း၏။ အမောင့်စိတ် အဘယ်သို့ရှိမည်နည်း။ အမောင် သေဗျွေးသားတည်း။ ငါ အမတ်ကြီးသ္မီးဖြစ်သည်။ ငါတို့နှစ်ယောက်တစိတ်တည်း ဖြစ်ကြမူကား၊ တသက်ပတ်လုံး အဘယ်ဆင်းရဲရှိရအံ့နည်းဟုဆိုလတ်သော်။ သေဗျွေးသားသည်၊ ဤသို့ဆိုပေ၏။ ဤသေဗျွေးသ္မီးသည် ငယ်သွားမကျွတ်မီအဝတ်မခြုံမီကပင် မိဘတို့ထိမ်းမြားသော မယားဖြစ်၍ အဘယ်သို့လျှင် စွန့်ပစ်နိုင်အံ့နည်း။ ယောကျ်ား၏သဘောသည်ရက်စက်ကြမ်းကြုတ်ခက်ထန်သော အမှုကို မပြုအပ်။ သစ္စာစကားကိုဖျက်၍ အဘယ်အကျိုးရှိအံ့နည်းဟုဆို၏။ အမတ်ကြီးသ္မီးလည်းသစ္စာမြဲသောသူ၏စကားကိုကြားလျှင်အံ့ဘွယ်သခဲ့ရှိပေစွဟုလွတ်ထိုက်သတည်း။ ။ထို့နောက်၊ ပေတလုလင်ကို မေးပြန်သည်မှာ၊တုန်းကြက်သရေနှင့်ပြည့်စုံသော ယောကျ်ားဖြစ်လျက်ပင်နှစ်ယောက်သောလုလင်တို့သည်မိန်းမတယောက်ကိုလုကြ၏ဟူသောစကားသည်မသင့်ပါတကား။ ငါ၌လည်းခင်ပွန်းမရှိ။ အရှင်နှင့်အတူနေခြင်းငှါအလိုရှိ၏။ များစွာလေးမြတ်ခြင်းရှိကြအံ့။ ငါလည်း အမတ်ကြီးသ္မီးဖြစ်သည်။ များစွာသောစည်းစိမ်ကိုမစံစားရပါလောဟုဆို၏။ ပေတလုလင်လည်း ထိုစကားကိုကြားလျှင်။ ပညာရှိစကားလျှင်တည်းဟုအမှတ်ရှိ၍ မိန်းမတို့သဘောသည်ဥပါယ်တံမျဉ်အလွန်များခြင်း။ လှည့်ပတ်တတ်ခြင်း။ ပျက်

ကွက်ထိုသော စိတ်ရှိခြင်းတို့နှင့် ပြည့်စုံ၏၊ ငါ၏အသက်သည်
လည်း ဤသတို့သမီး လက်ချပ်တွင်ရှိသော ရေနှင့်တူသည် ဖြစ်
သောကြောင့်၊ အရှင်မ၏စကားကို ငါနားထောင်တော့မည်ဟု
ဆို၏၊ အမောင်၊ ငါ့စကားကိုလိုက်နာမူကား၊ သင်နှင့်တပါးသော
အရပ်သို့သွား၍ နေကြမည်၊ သို့မှသာ အမောင့်ကိုငါယုံမည်ဟု
ဆိုလျှင်၊ ကောင်းပြီဟူ၍ ဆို၏၊ အရှင်သွား၍ နေပြန်လေဦးတော့
ဟုဆိုလျှင်၊ သွားလေ၏။ ။ထိုနောက်သေဌေးသမီးကိုခေါ်၍ မေး
သည်မှာ၊ အစ်မကြီး၊ အရှင်မလင်ကား စည်းစိမ်နည်း၏၊ သေဌေး
သား လုလင်ကား စည်းစိမ်ချမ်းသာ များစွာရှိ၏၊ အတူနေကြ
သော်၊ တသက် ပတ်လုံး ဆင်းရဲခြင်း မရှိပြီတကား၊ အဘယ့်
ကြောင့်ငြင်းပါသနည်းဟုဆို၏၊ ထိုစကားကိုကြားလျှင် အရှင်မ
လည်း မိန်းမ၊ ငါလည်း မိန်းမပင်၊ မိန်းမတို့၏ သဘောသည်
အကြင်သစ်ပင်၌ဖြစ်သောသစ်သီးနှင့်တူ၏၊ အရှင်ဖြစ်သောလင်
မှုကား၊ သစ်ပင်နှင့်တူ၏၊ သစ်သီးတို့သဘောသည်အညွှန့်ပေါက်
၍ အရွက်နှစ်ရွက်ဆင့်လျှင်အရွက်အခက်မှသည်အငုံဖြစ်၏၊ အ
ငုံမှသည်အပွင့်ဖြစ်၏၊ အပွင့်မှသည်အသီးဖြစ်၏၊ အသီးဖြစ်လျှင်
ရင့်၏၊ ရင့်လျှင်ကြွေ၏၊ ကြွေလေလျှင်ကြွေရာအရပ်၌ရှိလေ၏၊
အညှာမှကြွေပြီးသောသစ်သီးသည်အညှာ၌တည်ပြန်သလော၊
အမိဝမ်းကသွားပြီးသောသားသည် အမိဝမ်းသို့ တဖန်ဝင်ပြန်
သလောဟုဆိုလေ၏၊ ထိုသေဌေးသမီးဆိုသောစကားကိုအမတ်
ကြီးသမီးကြားလေသော်၊ ဤမိန်းမစဉ်းလဲသောအဖြစ်ကိုငါသိရ
ပြီ၊ မိမိနေရာအရပ်သို့သွားကြလေတော့ဟုဆို၍၊ အမှုသည်သုံး
ယောက်သွားကြလေသော်၊ ၎င်းတို့ ဆိုကြသောစကား၊ ကြားရ
သောအကြောင်းကို စာချီအားစာရေးစေ၍ အဘအမတ်ကြီး
ရှေ့တွင်ဘတ်စေ၏၊ အဘလည်း အလွန်ဝမ်းမြောက်စွာဖြစ်သ
တည်း၊ အမှုသည်သုံးယောက်လုံးကိုပင် မင်းရှေ့သို့ခေါ်၍ မေးလေ
သော် သည်အတိုင်းမှန်ပြီဟုဖြောင့်ဆိုကြသည်နှင့်အညီ၊ ပေတ
လုလင်သည် လင်မဟုတ်သောကြောင့် အသက်သေရန် သင့်

သေဒ်လည်း အသက်ကိုလွတ်စေ။ သေမြွေးသားလည်း များစွာသော ဥစ္စာရှိလျက် သစ္စာစကားကိုမဖျက်၊ လင်ခိုင်းမှန်သည်။ သေမြွေးဘိုးလည်း လင်ကို ကွယ်ကန့်သည် ဖြစ်သောကြောင့်။ မှည့်လေပြီးသောသစ်သီးသည်အညွှာကြွေကျွင်၊တဖန်အညွှာ၌ မတည်ပြန်သကဲ့သို့။ အမိဝမ်းမှ ကွားလေပြီးသော သားသည် အမိဝမ်း၌ ပြန်၍ မဝင်သကဲ့သို့၊ ဥပမာကို ညွှန်ပြ ဖြစ်သောကြောင့်၊သွန်သင်ဆုံးမ၍သွတ်စေဟုမင်းကြီးဆုံးဖြတ်လေလျှင်၊ ထီးဖြူစောင့် နတ်ဘိုးသည် ကောင်းပြီ ပေး၍ ထိုမင်းသည် အမတ်ကြီးဘိုးကို မိဘုရား မြှောက်လေ၏။ ထို့ကြောင့်ပညာရှိ တရားသူကြီးတို့သည် စဥ်းလဲလှည့်စားလျှိုဝှက်သော တရားကို ရှုးစမ်းစစ်ကြော၍ ဆုံးဖြတ်ရာသတည်း။ ။

---

## ၇။ သဘော်သူကြီးနှင့်ဆိတ်ကြောင်းလုလင်တို့ တရားဖြစ်ပွါးကြသည့်အကြောင်း။

ရှေးသရောအခါ၊ သဘော်သူကြီး တယောက်သည် ကုန်သွယ်ရန်သွားလေသော်။ သရေခြံကမ်းတဘက်သို့ ရောက်လေ၏။ ကမ်းနားဝယ်ဆိတ်များကို လူတယောက်ကျောင်းလေသည်ဖြင့်၊ သဘော်သူကြီးပိုင် ဆိတ်မသည် ဆိတ်ထီးနောက်သို့လိုက်လေ၍၊ပိုင်ဆိတ်မကို ဆိတ်ထီးရှင်ထံ တောင်းလေရာ။ မအပ်မပေးနေသောကြောင့်။ တ ားဆိုင်မည်ဟူ၍ တရားစစ်သူကြီးထံသို့ ရောက်လေ၏၊ ဆိတ် ကား ဆိတ်ထီးသို့ လိုက်သည်ဖြစ်သောကြောင့်ဆုံးစေး ဆိတ်ထီးရှင်ပိုင်စေဟု ဆုံးဖြတ်လေသတည်း။ ထိုသို့ဆုံးဖြတ်လေသ ့်နောက်၊ သဘော်သူကြီးမသက်သာ၍ လက်ဆောင်တန်ဆိုးနှင့်စစ်သူကြီးဘိုးတံသို့ ပေးသွတ်လေ၏။ ထိုသို့အကြိမ်များစွာပေးသွတ်သောကြောင့်၊ စစ်သူကြီးဘိုးသည်၊ သဘော်သူကြီးရှိရာသို့သွားရောက်လေလျှင်၊မပြန်ရအောင်တားမြစ်သည်ကာလ။ စစ်သူကြီးလည်း ဘိုးကို တောင်းရာ မပေးသဲ

နေလေ၍ အငြင်းအခုံဖြစ်ကြသဖြင့်။ မင်းထံသို့ရောက်ကြလေသော်။ အရှင်မင်းကြီး။ ယခုမန်ကာသက အကျွန်ုပ်ဆိတ်မသည် ဆိတ်ထီးသို့လိုက်သော်၍။ သူ့အိမ်သို့ ရောက်လေသည်ရှိသော်။ ဆိတ်ထီးရှင် ပိုင်ကောင်းသင့်သည်ဟု စစ်သူကြီးဆုံးဖြတ်ချက်ရှိပြီ တကား။ ယခုလည်း ထိုစစ်သူကြီး သည် အကျွန်ုပ် ရှိရာသို့ လိုက်သောပြီဖြစ်၍၊ အကျွန်ုပ်ပိုင်ကောင်းလေအံ့ဟုဆို၍။ ရှေးဆင်ခြေဆိုပြီးသော ကြောင့်၊ သတော်သူကြီးသည်စစ်သူကြီးသို့းကို ပိုင်ရ... သတည်း။ သို့ကြောင့် ယောကျ်ားရှိရာ မိန်းမလာသော်၊ အပြစ်ကင်းစေသတည်း။

---

## ၈။ ဒေါသကြီးလှသော ရတ္တိဇူသရီသတို့သမီး၏ အကြောင်း။

ကကုသန်ဘုရား လက်ထက်တော်၌၊ ရတ္တိဇူသရီသတို့သမီးသည် တခုသောရွာနိဂုံး၌နေ၍။ အမျက်မာနကြီးသောကြောင့် လင်ကိုမကြည်ဖြူ၍ တပါးသောရွာနိဂုံးသို့သွားလေရာ၊ ခရီးဝေးကွာ၍ ပင်ပန်းသောကြောင့်၊ ထန်းပင်ရိပ်၌နားနေစဉ်တွင်၊ သူငယ်အိပ်ပျော်မည်ဟုပုဆိုးခင်း၍ အိပ်လေ၏။ ကျီးငည်းပျံသာ၍ ထန်းသီးပေါ်၌နားလေရာ ထန်းသီးကြွေ၍ သူငယ်ထိပ်ထက်ကျ၍ သေလေ၏။ ...ားဓသသည်ကိုမြင်လျှင်၊ မျက်ရည်ယိုစီးလျက် သွားသောကိုပို ၍ ကျီးပျံရာသို့လိုက်လေ၏။ လယ်ထွန်ယောကျ်ားလည်းကန် ...င်းရိုး၌ထားသောထမင်းထုပ်ကိုနေ့စဉ်ကျီးစားသောကြောင့် ယောင်လေရာ၊ ကြေ့ကွင်းတွင်မိသည့် ကျီးကိုယူမည်ဟုပြုရာ၊ သတို့သမီးလာ၍၊ လယ်ထွန်ယောကျ်ားလည်း၏ ကျီးသည်ငါ့သမီးတကားဟုဆို၏။ ထိုအခါသူငယ်အမိကလည်း သင်၏ကျီးဖြစ်ပြီတကားငါ့သားကို သတ်လေကောင်းသလောဟုဆို၍ အငြင်းအခုံဖြစ်ကြလျက်။ ပညာနည်းသောတရားသူကြီးထံ တရားဆင်ကြလေသော်။ ယောကျ်ား လျှော်စေဟုဆုံးဖြတ်

သောကြောင့်၊ လယ်ထွန်ယောက်ျား မသက်သာ၍၊ ပညာရှိ တရားသူကြီးတံဆိုကြပြန်လေသော်၊ ဤစကားသည် သင့်လင် နှင့်ရန်ဖြစ်၍ တရွာသို့သွားရာတွင်၊ ခရီးဝေးသဖြင့်ထန်းပင်ရိပ်၌ နားနေရာ၊ သူငယ်ကိုသိပ်ထားလျက်၊ သူငယ်အိပ်ပျော်စဉ်၊ ထန်း သီးမှည့်ကျ၍ သေခဲ့သော်၊ သင့်လင်နှင့်ရန်ဖြစ်သည့်အမှုကြောင့် သာ သူငယ်သေရသည်ဖြစ်၍၊ လယ်ထွန်ယောက်ျားနှင့် သား တယောက်ရအောင်ပြုလေ။ သားရမှသင့်လင်ထံ့အပ်ပေးစေဟု ဆုံးဖြတ်လေ၏။ ။

---

## ၉။ မိုက်လှစွာသောပုဏ္ဏားနှင့်တောခွေးအကြောင်း။

ရှေးသရောအခါ၊ သုမနဘုရားလက်ထက်တော်၌၊ ဂိရိကနွ မြည်တွင်၊ အတိအန္ဓပုဏ္ဏားသည်နေ၏။ ထိုအခါ၊ တောခွေးတ ကောင်သည်မြို့သို့လာ၍ လူတို့စွန့်ပစ်သောအရိုးများကိုစားပြီး လျှင်မိုးသော်ခဲ့သော်၊ ဘေးကိုကြောက်သောကြောင့် တောသို့ ဝင်၍နေ၏။ ထိုအခါ၊ အတိအန္ဓပုဏ္ဏားသည် ကိုယ်လက်သုတ် သင်အံ့သော၌ ချုံသို့ဝင်ရာ၊ တောခွေးကိုမြင်သလျှင် ဖုံ့တံ ကိုကိုင်၍ ဝင်လေ၏။ ထိုခွေးသည်း ကြောက်ရွံ့သဖြင့်၊ အရှင် ပုဏ္ဏား အကျွန်ုပ်အသက်ကိုသတ်၍ အဘယ်အကျိုးရှိအံ့နည်း။ မသတ်ပါသင့်၊ ရွှေနှစ်ထောင်ပေးပါမည်ဟုဆို၏။ ပုဏ္ဏားလည်း ထိုခွေးစကားကို ကြားလျှင်၊ စည်းစိမ်၌ တပ်မက်သည်ဖြစ်၍ နင့်ကိုငါမသတ်၊ နင်ပေးမည်ဆိုသည့်အတိုင်းသာပေးတော့ဟု ဆိုကာလ။ အရှင်ပုဏ္ဏား၊ ဤအရပ်၌အတိမှာရချေအံ့နည်း။ ငါနေ ရာသို့ ဆောင်ပါမှသာ ငါပေးနိုင်အံ့ဟုဆိုလျှင်၊ ဟယ်ခွေး၊ နင် ကား တောတိရစ္ဆာန်တည်း။ နင့်ကိုငါဆောင်၍မသင့်တကား ဟုဆို၏။ ခွေးကလည်း။ အရှင်၊ ပုဆိုးကို ပခက်ပြု၍ ငါ့ကိုလွယ် သော် မြင်သူများလည်း သားမြေး မှတ်ကြလိမ့်မည်ဟု ဆိုသ တည်း။ ပုဏ္ဏားလည်း ဥစ္စာကို မက်သောကြောင့်၊ သင့်စကား

လင့်ဗျာပေသည်ဟုခွေးဆိုတိုင်းလွှယ်၍သွားလေရာ။ခွေးနေရာ သို့ရောက်လေလျှင်၊ အရှင်ပုဏ္ဏား၊ ငါ့ကိုမသတ်ပေသည်လျှင် ကျေးဇူးကြီးဗျာပေစွ။ရွှေနှစ်ထောင်ယူ၍မြှုပ်နှံ၍နေဝင်သည်တိုင် အောင်အရှင်ဆိုင်းလင့်ပါဟုဆို၍ တောသို့ဝင်လေ၏။ ပုဏ္ဏား လည်း တနေ့ပတ်လုံး မျှော်လင့်၍ နေရှာခဲ့သတည်း။ ခရီးသွား ယောကျ်ား တယောက်သည် ပုဏ္ဏားကိုမြင်၍။ အိုပုဏ္ဏား၊ အ ဘယ်ကိုမျှော်၍ နေသနည်းဟုမေးလေရာ။ပုဏ္ဏားလည်းခွေးဆို တိုင်းပြန်ပြောလေ၏။ထိုစကားကိုကြားလျှင်။ဤပုဏ္ဏားကားခွေး ထက်အလွန်မိုက်စွာတကား။သင့်အစာကိုမျှမရှာနိုင်သောခွေး စကားကိုယုံလေပြီတကား။ သင့်နေရာသို့ပြန်လေဟုဆိုမှပြန်ခဲ့ သတည်း။ ထို့ကြောင့် ပညာရှိသဘောသည်။ မယုံသင့်သူကို မယုံရာ။စူးစမ်းဆင်ခြင်ရာ၏။မယုံသာသောစကားကိုယုံမှားချေ သော်ကား။ ယခင်ဆိုခဲ့သောခွေး၏ ဗျည့်စားခြင်းကိုခံရသော ပုဏ္ဏားကဲ့သို့တည်း။ ။

---

## ၁၀။ မပေါင်းဘော်အပ်သူကိုပေါင်းဘော်မိ၍အသက် ဆုံးရကြသူသုံးယောက်တို့၏အကြောင်း။

ရှေးမှသာအခါ။အမတ်သား၊သေဌေးသား၊မင်းသားတို့သည် တက္ကသိုလ်ပြည်မှာအတတ်ပညာသင်ကြလေသော်။တယောက် ကားအရိုးလက္ခဏာ။တယောက်ကားအရုပ်လက္ခဏာ။တယောက် ကားနာမ်လက္ခဏာကိုသင်ကြ၍၊တတ်မြောက်ကြလျက် ပြည်သို့ ပြန်သည်တွင်။တောအုပ်တခု၌ ကျားရိုးကိုတွေ့မြင်ကာလ။ဤသို့ ကြံကြလေ၏။ ဤကျားရိုးကိုစေ့စပ်၍ ကျားရုပ်ဖြစ်လျှင်တဖန်အ သက်သွင်း၍၊ကျားရှင်ဖြစ်စေပြီးမှ၊ငုင်းကျားနှင့်ငါတို့အတူသွား ရသဖြင့်။သမင်၊ချေ၊ဆိုင်၊ဆတ်များကိုကိုက်၍ရသော်ငါတို့စား ရကြလတ္တံ့။ရန်သူတွေ့လျှင်လည်းဤကျားဆီးတား၍၊ငါတို့အန္တ ရာယ်မှလွတ်ရလတ္တံ့ဟုကြံစည်ပြီးလျှင်။အရိုးလက္ခဏာတတ်သူ

ကအရိုးအတိုင်းစေ့စပ်လေ၏။ရုပ်လက္ခဏာကိုတတ်သူကကျွန်း
ရုပ်အတိုင်းဖြစ်စေလေ၏။နာမ်လက္ခဏာကိုတတ်သူကအသက်
သွင်းလေ၏။ ထိုအခါ၊ ကျွန်းရှင်လျက် နောက်သို့လိုက်လေရာ။
တောအုပ်မှ လွင်ပြင်းသို့ ရောက်ကြလေသျှင်။ ညောင်ပင်ကြီး
အောက်တွင်သုံးယောက်အိပ်၍နေကြလေ၏။ကျွန်းလည်းလယ်
ပြင်ကြီး၌ စားရန်မရှိ၍၊ အစာငတ်လှ သောကြောင့်၊ ထိုသူသုံး
ယောက်တို့တွင် တယောက်ကိုစား၍၊အမြီးကိုတပါးအရပ်သို့
ပစ်လိုက်လေ၏။ နှစ်ယောက် သောသူတို့နိုးကြလေသော်.ဟယ်
ကျွန်း၊လုလင်တယောက်အွယ်ပျောက်ပုန်းရှောင်လေပြီ နင်နှင့်
ငါတို့နှစ်ယောက်သာ ရှိတော့သည်။ အဓဲသားဟို ငါတို့ချကြ
သော် ငါတို့သုံးယောက်စားရကြတော့မည်ဟု ဆိုကုန်၏။
ကန္တာရခရီးသို့ရောက်ကြလေသော်။တယောက်ကိုစားပြန်၏။
ကြွင်းသောသူတယောက်ကလည်း။လုလင်တယောက်ပျောက်
ပုန်းရှောင်ပြန်သေပြီ သမင်ဒရယ်ရ သော်ငါနှင့်ကျွန်းသာစားရ
တော့မည်ဟုဆို၍သွားကြရာ။ တရသေတောအုပ်သို့ရောက်ကြ
လေသျှင်၊ ကျန်တယောက်ကိုလည်း စားပြန်လေ၏။လုလင်သုံး
ယောက်တို့ပျောက်ဆုံးခြင်းသို့ရောက်ကြ၏။ ထိုကြောင့် ပညာ
ဖြင့်ဆင်ခြင်၍၊မပေါင်းအပ်သောသူကို မပေါင်းအပ်ရာ။ ။

---

၁၁။ အထွန်းလေးရာအရက်ကြီးလှသောသေမ္ဘူးနှင့်၊
ဆေးဗ္ဗာသည်အကြောင်း။

မြေခက်ရာရှားယက်ထက်တော်၌၊ သေမ္ဘူးတယောက်
သည်၊ မိမိမယားနှင့်အတူ ခရီးသွားကြရာ၊ညဥ့်အခါ ခရီးတွင်
ဆေးဗ္ဗာသည်နှင့်တွေ့လေသော်၊သေမ္ဘူးလည်းဆေးဗ္ဗာသည်
အားခရီးတွဲလေ၏။ဆေးဗ္ဗာသည်လည်း သေမ္ဘူးခရီးတွဲသည်
ကိုမြင်လျှင်ငါသာခရီးတွဲကောင်းသည်ဟုကား။ သေမ္ဘူးတွဲရာ
သနေလောဟု သေမ္ဘူးပါးကိုပုတ်ခတ်လေ၏။သေမ္ဘူးထည်း သူ

လင့်ဖွာပေသည်ဟုခွေးဆိုတိုင်းလွယ်၍သွားလေရာ။ခွေးနေရာ
သို့ရောက်လေလျှင်၊ အရှင်ပုဏ္ဏား၊ ငါ့ကိုမသတ်ပေသည်လျှင်
ကျေးဇူးကြီးလှပေစွ။ ရွှေနှစ်ထောင်ယူချေအုံး။နေဝင်သည်တိုင်
အောင်အရှင်ဆိုင်းလင့်ပါဟုဆို၍ တောသို့ဝင်လေ၏။ ပုဏ္ဏား
လည်း တနေ့ပတ်လုံး မျှော်လင့်၍ နေရှာခဲ့သတည်း။ ခရီးသွား
ယောကျ်ား တယောက်သည် ပုဏ္ဏားကိုမြင်၍။ အိုပုဏ္ဏား၊ အ
ဘယ်ကိုမျှော်၍ နေသနည်းဟုမေးလေရာ။ပုဏ္ဏားလည်းခွေးဆို
တိုင်းပြန်ပြောလေ၏။ထိုစကားကိုကြားလျှင်။ဤပုဏ္ဏားကားခွေး
ထက်အလွန်မိုက်စွတကား။ သင့်အစာကိုမျှမရှာနိုင်သောခွေး
စကားကိုယုံလေပြီတကား။ သင့်နေရာသို့ပြန်လေဟုဆိုမှပြန်ခဲ့
သတည်း။ ထို့ကြောင့် ပညာရှိသတောသည်။ မယုံသင့်သူကို
မယုံရာ။ စူးစမ်းဆင်ခြင်ရာ၏။မယုံသာသောစကားကိုယုံမှားချေ
သော်ကား။ ယခင်ဆိုခဲ့သောခွေး၏ ဖျည့်စားကြင်းကိုခံရသော
ပုဏ္ဏားကဲ့သို့တည်း။ ။

---

## ၁၀။ မပေါင်းဘော်အပ်သူကိုပေါင်းဘော်မိ၍အသက်ဆုံးရကြသူသုံးယောက်တို့၏အကြောင်း။

ရှေးသောအခါ။အမတ်သား၊သေဌေးသား၊မင်းသားတို့သည်
တက္ကသိုလ်ပြည်မှာအတတ်ပညာသင်ကြလေသော်၊တယောက်
ကားအရိုးလက္ခဏာ။တယောက်ကားအရုပ်လက္ခဏာ။တယောက်
ကားနာမ်လက္ခဏာကိုသင်ကြ၍၊တတ်မြော်ကြလျက် ပြည်သို့
ပြန်သည်တွင်။တောအုပ်တခု၌ ကျားရိုးကိုတွေ့မြင်ကာလ။ဤသို့
ကြံကြလေ၏။ ဤကျားရိုးကိုစေ့စပ်၍ ကျားရုပ်ဖြစ်လျှင်တဖန်အ
သက်သွင်း၍၊ကျားရှင်ဖြစ်စေပြီးမှ၊၎င်းကျားနှင့်ငါတို့အတူသွား
ရသဖြင့်။သမင်၊ချေ၊စိုင်၊ဆတ်များကိုကိုက်၍ရသော်ငါတို့စား
ရကြလတ္တံ့။ရန်သူတွေ့လျှင်လည်းဤကျားဆီးတား၍၊ငါတို့အန္တ
ရာယ်မှလွတ်ရလတ္တံ့ဟုကြံစည်ပြီးလျှင်။အရိုးလက္ခဏာတတ်သူ

ကအရိုးအတိုင်းစေ့စပ်လေ၏။ရုပ်လက္ခဏာကိုတတ်သူကကျား ရုပ်အတိုင်းဖြစ်စေလေ၏။နာမ်လက္ခဏာကိုတတ်သူကအသက် သွင်းလေ၏။ ထိုအခါ၊ ကျားရှင်လျက် နောက်သို့လိုက်လေရာ။ တောအုပ်မှ လွင်ကျင်းသို့ ရောက်ကြလေလျှင်။ ညောင်ပင်ကြီး အောက်တွင်သုံးယောက်အိပ်၍နေကြလေ၏။ကျားလည်းသယ် ဖြင်ကြီး၍ စားရန်မရှိ၍၊ အစာငတ်လှသောကြောင့်၊ ထိုသူသုံး ယောက်တို့တွင် တယောက်ကိုစား၍။အရိုးကိုတပါးအရပ်သို့ ပစ်လိုက်လေ၏။ နှစ်ယောက်သောသူတို့နိုးကြလေသော်၊ဟယ် ကျား၊လုလင်တယောက်ကွယ်ပျောက်ပုန်းရှောင်လေပြီ၊ငါနှင့် ငါတို့နှစ်ယောက်သာ ရှိတော့သည်။ အမဲသားကို ငါတို့ရကြ သော် ငါတို့သုံးယောက်ဝေစားရကြတော့မည်ဟု ဆိုကုန်၏။ ကန္တာရခရီးသို့ရောက်ကြလေသော်။တယောက်ကိုစားပြန်၏။ ကြွင်းသောသူတယောက်ကလည်း။လုလင်တယောက်ကွယ်ပျော ပုန်းရှောင်ပြန်လေပြီ၊သမင်ဒရယ်ရသော် ငါနှင့်ကျားသာစားရ တော့မည်ဟုဆို၍သွားကြရာ။ တခုသောတောအုပ်သို့ရောက်ကြ လေလျှင်။ ကျန်တယောက်ကိုလည်း စားပြန်လေ၍၊လုလင်သုံး ယောက်တို့ပျောက်ဆုံးခြင်းသို့ရောက်ကြ၏။ ထို့ကြောင့် ပညာ ဖြင့်ဆင်ခြင်၍၊မပေါင်းအောင်အင်သူကို မပေါင်းဘော်ရာ ။

---

## ၁၁။ အလွန်တရာအရှက်ကြီးလှသောသေမွေးနှင့်၊ ဆေတ္တာသည်အကြောင်း။

မခေက်ရာဘုရား လက်ထက်တော်၌၊ သေမွေးတယောက် သည်၊ မိမိမယားနှင့်အတူ ခရီးသွားကြရာ၊ညဉ့်အခါ ခရီးတွင် ဆေတ္တာသည်နှင့်တွေ့လေသော်၊သေမွေးလည်းဆေတ္တာသည် အားခရီးထွဲလေ၏၊ဆေတ္တာသည်လည်း သေမွေးခရီးထွဲသည် ကိုမြင်လျှင်ငါသာခရီးထွဲကောင်းသည်တကား။ သေမွေးထွဲရာ သလောဟု သေမွေးပါးကိုပုတ်ခတ်လေ၏၊သေမွေးလည်း သူ

တပါးသိမည်ကိုရှက်သောကြောင့်နှလုံးမသာနေလေ၏။ တပါး
သောသေဌေးတို့လည်းအချင်းချင်းဆိုကြလေကုန်သဖြင့်၊အစဉ်
အတိုင်း ဤစကားကိုမင်းကြီးကြားလေသော်။ သေဌေးကိုခေါ်
တော်မူ၍မင်းကြီးမေးတော်မူရာ၊ဆိတ်ဆိတ်နေသော်၏နှစ်ကြိမ်
သုံးကြိမ်မေးပြီးမှ မင်းကြီးလည်း အမှုခါတိုင်းဟုတ်ပေ၏ဟု
ဆို၏၊ ဆေဋ္ဌာသည်ကိုခေါ်၍ မေးတော်သော်၊ အကျွန်ုပ်လွှဲ၍
မည်အတိုက်ကိုသေဌေးလွှဲသောကြောင့် သူပါးကို အကျွန်ုပ်ပုတ်
လိုက်ပါသည်ဟုမင်းကြီးအားတင်လျှောက်၏။ သေဌေးလည်း
စကားတခွန်းမျှမဆိုတတ်ဘဲ အလွန်ရှက်လှ၍ နောက်နိုင်းထိုင်
လေ၏။ မင်းကြီးလည်း ဆေဋ္ဌာသည်ကို သူသတ်တို့အား အပ်
လိုက်၍ လက်ခြေကိုဖြတ်စေ၊ ဘောင်နှင့်နှောင်လေဟုဆို၏။ ထို
စကားကို သေဌေးကြားလျှင် လက်ခြေကိုလည်း မဖြတ်ကြပါ
လင့်။ ဘောင်နှင့်လည်း မမျှောပါလင့်ဟူ၍ သူသတ်တို့အား ငွေ
တကျပ်ပေးရ၊ သူသတ်တို့လည်းထိုအကြောင်းကိုမင်းကြီးအား
လျှောက်ကြလေကုန်၏။ မင်းကြီးလည်းသေဌေးကိုခေါ်၍၊ သေဌေး၊
အဘယ့်ကြောင့်မသတ်နှင့်ဟုဆိုသနည်းဟုမေးကာလ။ သေဌေး
ဆိုပြန်သည်ကား။ အရှင်မင်းကြီး၊ ဤပြည်တွင်သာ ဆေဋ္ဌာ
သည်ကို အရှက်ခွဲပါစေ။ ဘောင်ဖွဲ့၍ မျှောလေဘိ တကား။
ဘောင်တင်ရာအရပ်၌ အဘယ့်ကြောင့် မျှောသနည်းဟု မေးခဲ့
သော်၊ ငါခရီးလွှဲကောင်းသည်ကို သေဌေးပြောင်းပြန်လွှဲသော
ကြောင့် ပါးကိုပုတ်မိချေသည်နှင့် အနှမျှောခံရသည်ဟုဆိုလျှင်။
နင်မာန်စောင်ကြီးလှ၏။ ငါပြည်နှင့်မတန်၊ တဖန်မျှောပြန်သဖြင့်၊
ထိုထိုအရပ်ရပ်ကြားနှံ့သည်ရှိသော်၊ မကောင်းနိုင်ခဲ့တကားဟု
ဆိုလေ၏။ ထိုစကားကိုမင်းကြီးကြား၍ များစွာသောဆုလာဘ်
ကိုသေဌေးအားပေး၏။ သေဌေးလည်းငါ့ပါးကိုဆေဋ္ဌာသည်
ပုတ်သောကြောင့် ဤဥစ္စာကို ငါရပေသည်ဟု ဆေဋ္ဌာသည်
အားပေးပြန်လေ၏။ ထိုသို့ပေးပြီးမှသေဌေးဦးခေါင်းဆေးလျှော်
လေ၏။ ထို့ကြောင့် ပညာရှိတို့သည် ကွယ်ရာမြင်တိုင်း မဆို

ကောင်း၊ အမှုခပ်သိမ်းပင်အဖြစ်မထင်သော်လည်း၊ ဘေးရောက်လေဟူ၍ ဆိုကြကုန်သတည်း။ ။

---

## ၁၂။ ဝန်တိုသောအိုးထိန်းသည့်နှင့် ခဝါသည်၏ အကြောင်း။

ရှေးသောအခါ၊ သုမေဓာဘုရားရှင်လက်ထက်တော်၌၊ အိုးထိန်းသည်သည်၊ ခဝါသည်တယောက်ခဝါဖွပ်သဖြင့်အမြဲအရုံ ဥစ္စာ ပစ္စည်းများစွာ ပြည့်စုံလေသည်ကို မရှုလိုဘဲ၊ မကောင်းသောအကြံကိုကြံသိသောကြောင့် ချောပစ်လေသည်မှာ။ အရှင်မင်းကြီး၊ ဆင်တော်ကား အမည်း ဖြစ်ချေသည်။ ဆင်ဖြူ ဖြစ်အောင်ခဝါသည်အား ဖွပ်ပါစေသော်ဆင်ဖြူရှင်မဖြစ်ပါလောဟုဆို၏။ (ဤသို့လျှောက်ခြင်းသည်ကား၊ နောင်ဆင်ဖြူမဖြစ်ပျောင် စည်းစိမ်ချမ်းသာပျက်စီးလတ္တံ့ဟုကြံ၍၊ ခဝါသည်အား ပျက်စေလိုသောကြောင့်လျှောက်သတည်း)။ မင်းကြီးလည်းအိုးထိန်းသည်လျှော်သောစကားကိုကြားလျှင်၊ အကယ်ပင်ထင်မှတ်၍၊ ပညာနည်းသောကြောင့် မဆင်ခြင်ဘဲခဝါသည်ကိုခေါ်လျက်၊ ဟယ်ခဝါသည်၊ ငါ့ဆင်ကို ဖြူအောင်နင်ဖွပ်လေဟုဆို၏။ ခဝါသည်လည်း အိုးထိန်းသည်၏အကြံကိုသိ၍၊ မင်းကြီးကဲ့ ဤသို့လျှော်၏။ အရှင်မင်းကြီး၊ ကျွန်ုပ်တို့ခဝါသည်အဝတ်သည့်ကား၊ မြင်းချေးဆပ်ပြာနှင့် အဝတ်ပုဆိုးကိုပေါင်းတင်၍ ဖွပ်ရမှဖြူနိုင်ပါသည်။ အရှင်မင်းကြီးဆင်တော်ကိုလည်း ထိုနည်းတူ ပေါင်းတင်၍ ဖွပ်ရမှ ဖြူနိုင်မည်ဖြစ်သောကြောင့်၊ ဆင်တော်နှင့်တန်ရုံသောပေါင်းအိုးပေါင်းချောင်နှင့်ပေါင်းစင်မှ၊ အကျွန်ုပ်ဖြူအောင် ဖွပ်နိုင်ပါသည်ဟု လျှော်သောစကားကို မင်းကြီးကြားတော်မူလေသော်၊ ဖျဉ်းအိုးပေါင်းချောင်တို့မှုကား ခဝါသည်တို့အရာ မဟုတ်ပေ၊ အိုးထိန်းသည်တို့အရာသာဖြစ်လေသည်ဟု အိုးထိန်းသည်ကိုခေါ်တော်မူပြီးလျှင်၊ ဟယ်အိုးထိန်းသည်၊ ဖျဉ်းအိုးပေါင်း

ချောင်၌ ဆပ်ပြာရေဆွတ်၍ ပေါင်းရမည်ဖြစ်သောကြောင့်။ငါ ဆင်တော်နှင့်တန်ရုံသောဖျဉ်းအိုးကိုလုပ်လော့ဟုဆိုတော်မူ၏။ အိုးထိန်းသည်လည်းမင်းကြီးစကားကိုကြားလေသော်။အဆွေ အမျိုးတို့ကိုရုံးရခေါ်ငင်၍၊မြေကိုများစွာပုံပြီးလျှင်၊ဆင်နှင့်တန် ရုံသောဖျဉ်းအိုးကိုလုပ်ပြီးလေသော်၊မင်းကြီးအားဆက်လေ၏။ မင်းကြီးလည်း၊ခဝါသည်ကိုခေါ်၍ပေးအပ်တော်မူ၏။ဆပ်ပြာ ရေထည့်၍ဆင်ခြေနှင့်နင်းသော်၊ဖျဉ်းအိုးကွဲလေ၏။တဖန်နိုင်ခံ အောင်လုပ်ပြန်သော်လည်း၊ထူလွန်းသောကြောင့် မကျက်နိုင်။ ပါးလွန်းသော်ကား ဆင်ခြေနှင့်နင်းလျှင်မခံနိုင်သည်နှင့်ကွဲပျက် လေ၏။ယင်းသို့လုပ်ရဖန်များသောကြောင့်အိုးထိန်းသည်သည် မိမိအလုပ်ကို လုပ်၍မစားနိုင်သဖြင့် ပျက်စီးခြင်းသို့ ရောက်ရ လေသတည်း။ထို့ကြောင့်သူတပါးတို့ကိုပျက်စီးအောင်ကြံသော သူသည်၊သူ့ကိုကြံသည်မမည်။ မိမိကိုယ်ကိုသာ ကြံသည်မည် ရာ၏။မိမိ၌ဉာဏ်နည်းပါးသော်လည်း၊သူတပါးကို ဤကဲ့သို့မကြံ စည်ရာ။စဉ်းလဲခြင်းအမှု၌ပြုကျင့်သမျှသောသူတို့ကိုရှောင်ကြဉ် အပ်သတည်း။ ။

## ၁၃။ ဥဒ္ဒိစ္စပုဏ္ဏားသားအမိသုံးယောက်တို့၏ အကြောင်း။

တကျက်ရာ ဘုရားဖြစ်စွာလက်ထက်တော်၌၊ ဥဒ္ဒိစ္စပုဏ္ဏား သည် အကုဋေသော ဥစ္စာရှင်ဖြစ်၍။ သမုဒ္ဒဝိဇ္ဇာကုမာရီမည် သောသတို့သမီးတယောက်သာရှိသည်။တဆဲ့ငါးနှစ်အရွယ်သို့ ရောက်လတ်သော် ဆင်ခြင်တိုင်းစာခြင်း၌ ပွမ်းနိုင်သော အာ ဝဇ္ဇန်းအတတ်ကိုတတ်လတ်၍။ယခု မိဘ၌ငါတယောက်သာ ရှိသတည်း။ ငါ၌ချစ်ခြင်းမရှိ။ သူတို့ခက်ထန်သောကြောင့် ဥစ္စာ များစွာရှိပါလျက် မပေး။ သေခြင်းကို ရောက်ကြလေသော်၊ငါ ကား မိန်းမဖြစ်ခဲ့သဖြင့်။ ဤဥစ္စာဘဏ္ဍာတို့သည် မင်း၏ဘဏ္ဍာ သာဖြစ်ချေတော့မည်။ငါလည်းပျက်စီးခြင်းသို့ရောက်ချေတော့

မည်ဟုကြံ၍၊ တနေ့သ၌ မိဘအိပ်ကြရာ၌ အနုလုပ္ပတ္တမြားထား
သည်ကိုသိ၍၊ ပုဏ္ဏားလင်မယားတို့ ခေါင်းချော်သွားကြသည့်
အခိုက်ဖှက်ထားလေ၏။ အဝတ်ပုဆိုးလဲသောအခါ၊ ပုဏ္ဏားသတိ
ရ၍၊ ပုဏ္ဏေးမ ငါ့အိပ်ရာ၌ထားသော အနုလုပ္ပတ္တမြားသည်ရှိပါ
၏လောဟုမေး၏၊ ရှင်ပုဏ္ဏား၊ ငါထွက်လာစဉ် မမြင်ဟုဆိုလေ
လျှင်၊ ပုဏ္ဏားသည်း လျှင်စွာပြန်ပြေးလေ၏၊ ဦးလည်းဖှက်ထား
ပြီးမှမိဘကိုခြေဆေးရေသွန်၍ နေလေ၏။ ပုဏ္ဏားလည်းရောက်
လျှင်ကြည့်ရှု ရှာဖွေသော်လည်း မရ၍၊ ချစ်ဦး၊ ငါတို့ခေါင်း
ချော်သွားကြသည့်နောက် အိပ်ရာအောက်၌ ပတ္တမြားကိုယူသ
လောဟုမေးလျှင်။ ကျွန်တော်မ မသိပါဟု ဆို၏။ ထိုစကားကို
ကြားလျှင် ဦးနှင့်ငြင်းခုံကြ၍၊ ရွာလက်တရားသူကြီးထံတရား
ဆင်မည် သွားလေသော်၊ တရားသူကြီးသည် ဦးနှင့် မိဘသုံး
ယောက်ကိုစစ်မေးစရာမရှိပြီဟုဆို၏။ ပုဏ္ဏားလည်း မသက်သာ၍
မြို့ကွပ်ထံ သွားပြန်လေသော်၊ မြို့ကွပ်လည်း ရွာလက် တရား
သူကြီးနှင့်အတူ ဆုံးဖြတ်လေ၏။ ပုဏ္ဏားလည်း မသက်သာ၍
မင်းထံသို့ ရောက်ပြန်လေ၏။ မင်းသည်း အမတ်ကြီးကိုခေါ်၍၊
အမတ်ကြီး၊ ခုနစ်ရက်အတွင်းတွင် ဤတရားကိုစစ်မေးမြန်း၍၊
ရအောင် ပြုလေ၊ မရလျှင် စည်းစိမ်ပျက်စေမည်ဟု ဆိုသော
ကြောင့်၊ အလွန်ပိုးရိမ်သည်ကို ဦးမြင်လျှင် ခမည်းတော်မင်း၊
အဘယ်ကြောင့်ပိုးရိမ်သနည်းဟုမေး၏၊ ချစ်ဦး၊ ပုဏ္ဏားပုဏ္ဏေးမ
ဦးသုံးယောက်တို့ ငြင်းခုံကြသည့်ပတ္တမြားကိုစစ်ကြောရှာဖွေ၍
မရချေသော်၊ ငါ၏စည်းစိမ်ချမ်းသာကို ပျက်စီးစေမည်ဟု မင်း
ကြီးဆိုသောကြောင့် ငါပိုးရိမ်သည်ဟုဆို၏။ ထိုစကားကို ဦး
ကြားလျှင် ခုနစ်ရက်အတွင်း စစ်ဆေး၍၊ ဤအမှုကို ရအောင်
ထင်ရှားစွာပြုပါမည်ဟု လျှောက်လေတော့ဟုဆိုသည့်အတိုင်း၊
အဘလည်းမင်းကြီးအား လျှောက်လေရာ၊ မင်းကြီးလည်းကောင်းပြီ
ဟု ဆို၏။ အမတ်ကြီးဦးလည်း ခမည်းတော်၊ လိမ္မာသော စာချီ
တယောက်ကိုခေါ်ဟု ဆို၍၊ အဘလည်း စာချီတယောက်ကို

ခေါ်စေ၏။ပုဏ္ဏား ပုဏ္ဏေးမတို့ကိုခေါ်၍၊ အကုဋေ့ဥစ္စာရှင်ဖြစ်သောရှင်ပုဏ္ဏားတို့၊ဤအမှုအဘယ်သို့ဖြစ်ကြသနည်းဟုမေး၏။ အမတ်ကြီးဘိုး၊ ငါတို့ ထိမ်းမြားကြသည့်နေ့မှစ၍ ဤမျှသော ဥစ္စာရှင်ဖြစ်ခြင်းသည်ကား၊ သားဘိုးတို့အား ဆင်းရဲခြင်းမဖြစ်စိမ့်သောငှါ ဆည်းပူးပါသည်ဟု ဆိုကြ၏။ ဘိုးကိုခေါ်၍ မေးသော်။အမတ်ကြီးဘိုးလည်းမိန်းမသား၊ကျွန်မလည်းမိန်းမသား ဖြစ်သည်။ငါတို့ဘမိသေကုန်ခဲ့သော်ဥစ္စာကိုမင်းပေးသရွေ့သာ ရချိမ့်မည်ဟုဆိုပေ၏။ထိုစကားအတိုင်းစာချက်ကိုရေးမှတ်စေ၍၊ ပုဏ္ဏား ပုဏ္ဏေးမတို့အား ခေါ်မေးပြန်ရာ။ ငါတို့ဆည်းပူးသော ဥစ္စာနည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ၊ သားဘိုးတို့ဘို့သာ မဟုတ်တုံလောဟု ဆိုသောစကားကို ကြားသော်။ စာချက်ကို ရေးမှတ်၍ထားစေ၏၊ ထိုစကား၏အဓိပ္ပါယ်သော်ကား။ ဘိုး၌ ဥစ္စာရှိသည်မှန်လေပြီ၊ ပုဏ္ဏားတို့သွားကြလေတော့။သရုဇ္ဇိတ္တကုမာရီကိုငါနှင့်အတူနေစေဦး။မေးမြန်းဆွေးနွေးပြီးမှ ပို့လာစေမည်ဟုဆိုလျက်။ တဖန်ပုဏ္ဏားဘိုးကို ခေါ်ထားလိုက်၍၊ အတူတကွစားသောက်ရာတွင်၊အမတ်ကြီးဘိုးလည်း သူ့ငယ်မလက်တွင်ရှိသော ဥစ္စာကို အဘယ်သို့ ရအံ့နည်းဟုကြံ၍ အဘထံသို့ ချဉ်းကပ်လေ၍။ ခမည်းတော်တွင် ရှိသော အနန္တပစ္စည်းများကို ပေးဦးမှသာ ထိုပစ္စည်းများကို ရချိမ့်မည်ဟုဆိုရာ။ အမတ်ကြီးလည်း ပစ္စည်းများကိုပေး၏။ အမတ်ကြီးဘိုးလည်း ပုဏ္ဏားဘိုးသို့ ချဉ်းကပ်၍ အကျွမ်းဝင်အောင်ပြုပြီးလျှင် ကျီစားကြ၏၊ကျီစားကြရာတွင်မှ အကျွမ်းဝင်၍ ပုဏ္ဏားဘိုးအား ပစ္စည်းများကို ပြ၍ မြင်လျှင်။ အရှင့်ဥစ္စာသော၊ သူ့တပါးဥစ္စာလောဟု မေးသော်။ ငါ့အဘဥစ္စာသာ။ ငါ့အမိအဘသေလွန်လျှင် မင်းဥစ္စာဖြစ်လိမ့်မည်၊ ထို့ကြောင့် ငါဝှက်ထားသည်ဟု အမတ်ကြီးဘိုးဆိုသော စကားကို ပုဏ္ဏားဘိုး ကြားသော အခါ။ ကျွန်တော်မှာလည်း ၎င်းနည်းတူရှိသည်ဟုဆိုသောစကားကို အမတ်ကြီးဘိုးကြားလျှင်ငါတို့နှစ်ယောက်မှာမိန်းမချင်းဖြစ်ကြသည်။စိတ်သဘော၊

အဆို အမိန့်၊ အကြံနက်နဲခြင်းလည်း တူကြသည်။ ထိုဥစ္စာကို ပေါင်း၍ဝှက်ထားသောအဖြစ်ကိုသူတပါးမသိစေလင့်ဟုဆို၍။ အရှင့်ဥစ္စာနှင့်လည်း တူသည်ဖြစ်၍ ငါ့ဥစ္စာကို မိဘတို့တွေ့ကြမည် စိုးသောကြောင့်၊အရှင့်ဥစ္စာနှင့်အတူကျွန်မထားပါမည်ဟု ဆို၍၊ ထိုပတ္တမြားကို ပေးအပ်ခဲ့၏။ အမတ်ကြီးဘွဲ့သည် ထို ပစ္စည်းကို ရလျှင်။ အဘအား ပေးလေ၏။ အမတ်ကြီးလည်း အဘယ်မှာရချေသနည်းဟု စာချီကို ခေါ်မေးရာ၊ စာချီလည်း သတို့ဘွဲ့အစီရင်ကိုပြန်ပေ၏။ အမတ်ကြီးလည်း။ ပြော်၍ငါ့ဘွဲ့ ကား ပညာရှိစွာ့တကားဟု စာချီနှင့်တကွ ပတ္တမြားကိုမင်းအား ဆက်သည်တွင်။ အတိမှာရသနည်းဟုမင်းကြီးမေးတော်မူကာ လ၊အကျွန်ုပ်ဘွဲ့စစ်ဆေး၍ ရပါသည်ဟုဆိုလေ၏။ မင်းလည်း ပတ္တမြားကိုဥဒ္ဒိစ္စပုဏ္ဏားအားအပ်ပေးလေသော်၊အရှင်မင်းကြီး၊ အတိမှာရသနည်းမေးရာ၊မင်းမျက်စိတည့်၍ရသည်ဟု ဆိုပေ၏။ အမတ်ကြီးဘွဲ့ကိုလည်း မိဘုရားအရာ၌ တင်မြှောက်ထား လေသတည်း။ထို့ကြောင့်ပညာရှိတရားသူကြီးတို့သည်တွေ့ရှာ စစ်ကြောမေးမြန်း၍ ဆုံးဖြတ်ကြရာသည်။ ။

---

## ၁၄။ သေဋ္ဌေးသားနှင့်၊ ဖြေပါ၊ ကြောင်၊ ခွေးတို့၏ အကြောင်း။

ကောဏာဂုံဘုရားရှင်သက်ထက်တော်၌၊ မင်းသား၊အမတ် သား။ သေဋ္ဌေးသား။ သူဆင်းရဲသား လေးယောက် တို့သည်၊ တက္ကသိုလ်ပြည်မှာ အတတ်ပညာ သင်ကြလေသော်။ မိမိတို့ အလျော်၊တတ်မြောက်ကြပြီးလျှင်၊ ဆရာအား အတတ်ဂုဏ်ကို မေးကြရာ။ဆရာလည်း ပြောပေ၏။ကမ္ဘာဦး၌ ဂဟာပတိဝေသ ပြည်တွင်သေဋ္ဌေးကြီးလေးယောက်ရှိကြသတည်း။ထိုသေဋ္ဌေး လေးယောက်တို့သည် အလွန်ချစ်ခင်ကြ၍၊ တယောက်စီးငွါး ကိုတယောက်အထိုရှိကြ၏။ထိုအခါ၊သေဋ္ဌေးတယောက်သေခဲ့

သော်၊ သားယောကျ်ားတယောက်သာရှိ၍၊ ထိုသားကို အမိ
သေဌေးမကား၊ချစ်သား၊မောင့်ဘသေခဲ့ပြီ။ မောင်သည် ရင်သွေး
ဖြစ်၍ အမွေခံထိုက် ငြားသော်လည်း ငယ်သေးသောကြောင့်
မောင့်ဘ၏မိတ်ဆွေသေဌေးသုံးယောက်ထံ အတတ်ပညာသင်ပါ
ဦးလော့ဟု အသပြာ သုံးရာ ပေး၍ ညွှန်လိုက်လေ သတည်း။
သေဌေးသားလည်း သေဌေး အဆောင်အယောင်နှင့် တကွ၊
သေဌေးသုံးယောက်ထံသို့သွားလေရာ၊ ယောကျ်ားတယောက်
ခွေးတကောင်ကိုယူ၍လာသည်ကိုတွေ့ကာလ၊ သေဌေးသား
က၊ ဟေ့ယောကျ်ား၊ခွေးကိုရောင်းမည်လောဟုမေးရာ။ ဝယ်
တပြီးကား ငွေအသပြာတရာပေးလောဟုဆို၏။ သေဌေးသား
လည်းအသပြာတရာပေး၍ အမိအိမ်သို့ပို့ပြီးလျှင်အကြောင်းကို
သိစေလေ၏။ သေဌေးမလည်း ငါ့လင်မိတ်ဆွေ သေဌေးတို့ကို
အစီရင်ခံ၍ ဝယ်သည်ဖြစ်ရသည်ဟု ထင်လျက် ကောင်းစွာ
ကျွေးမွေး ထားလေ၏။ ။တနေ့သ၌ နံနက် ထမင်းစားပြီး၍
ခရီးသွားသေသော်။ ယောကျ်ားတယောက် ကြောင်ကိုယူလာ
၏။ သေဌေးသားလည်း၊ ဟေ့ယောကျ်ား၊ကြောင်ကိုရောင်းမည်
လောဟုမေးကာလ။ သေဌေးသားဝယ်သော်ကားအသပြာတရာ
ပေးသောဟုဆိုလျှင်။ အသပြာတရာပေး၍ မိခင်ထံသို့၊ထို့နည်း
အတူပို့စေလေ၏။ အမိလည်း ငါ့သားသည် ငါ့လင်၏မိတ်ဆွေ
သေဌေးတို့ကိုအစီရင်ခံ၍ ဝယ်သည်ဖြစ်ရာ၏ဟုထင်၍ကောင်း
မွန်စွာကျွေးမွေးထားလေ၏။ ။တနေ့သ၌ထမင်းစားပြီး၍ခရီး
သွားသော်။ ယောကျ်ားတယော် မြွေပါကိုကိုင်၍လာသည်ကို
သေဌေးသားမြင်လျှင်၊ဟေ့ယောကျ်ား၊၍မြွေပါကိုရောင်းမည်
လောဟုဆိုရာ။ ဝယ်တပြီးကား ငွေအသပြာတရာပေးလောဟု
ဆိုလျှင်၊အသပြာတရာပေး၍ အမိအိမ်သို့ပို့ဖြန်စေ၏။ အမိလည်း
ငါ့လင်၏မိတ်ဆွေသေဌေးတို့ကိုအစီရင်ခံ၍ ဝယ်သည်ဖြစ်ရာ
၏ဟု ကောင်းစွာကျွေးမွေး ထားလေ၏။ ။သေဌေးမလည်း
ခွေးနှင့်ကြောင်ကို အိမ်တိရစ္ဆာန်ဖြစ်သောကြောင့်၊ မကြောက်

မရှုံကျွေးမွေးထားလေ၏။ မြွေပါကိုမူကား၊ တောတိရစ္ဆာန်ဖြစ်သောကြောင့်၊ ကြောက်ကြောက်ရွံ့ရွံ့နှင့်ကျွေးမွေးထားရသေ၍၊ နှလုံးမသာ ညှိုးကြုံးစွာရှိလေ၏။ သေဌေးမ ကိုးကွယ်သော ဆရာအရှင် ဆွမ်းခံ ဝင်လာသော်၊ သေဌေးမအိမ်က သက်၍ ဆွမ်းလောင်းရာ၊ တကာမကိုမြင်လျှင်။ ဪ၊ တကာမ၊ ကြုံလှီစွတကားဟုမေး၍၊ လောကဓံတရားရှစ်ပါးကိုလည်း ဟောပြပေ၏။ တပည့်တော်မသည် အခြားကြောင့် ကြုံသည်မဟုတ်ပါ။ သားကိုအဘ၏မိတ်ဆွေသုံးယောက်ထံ၊ အတတ်ပညာသင်ရန် အသပြာသုံးရာပေး၍သွားပါလေစေသော်။ တနေ့လည်းခွေးကို အသပြာတရာပေးဝယ်၍ပို့လာစေ၏။ တနေ့လည်း ကြောင်ကို အသပြာတရာပေးဝယ်၍ ပို့လာစေ၏။ တနေ့လည်း မြွေပါကို အသပြာတရာပေးဝယ်၍ပို့လာစေ၏။ ခွေးနှင့်ကြောင်ကို အိမ်တိရစ္ဆာန်ဖြစ်၍ မကြောက်မရွံ့။ မြွေပါကိုသော်ကား၊ တောတိရစ္ဆာန်ဖြစ်၍မြင်လျှင်ပင် ကြောက်လန့်သောကြောင့် ကိုယ်လက်မျက်စိကြုံပါသည်ဟူ၍ ဆရာအားလျှော်၏။ ဆရာလည်း တောသို့သွား၍ လွှတ်သေဟုဆို၏။ ဆရာမိဘစကားကိုမလွန်၊ အာဏာမဆန်အပ်သောကြောင့်၊ ဆီလူးသော အစာနှင့် တကွ တောသို့ လွှတ်လိုက်လေ၏။ မြွေပါသည် တောသို့ရောက်လျှင် ကြံမိသည်မှာ။ သေဌေးသားသည် အသပြာတရာပေးဝယ်၍ လက်သို့ ရောက်လျှင် ငါ့ကို ကောင်းစွာ ကျွေးမွေး ပေသည်။ အသက်ကိုလည်း လွှတ်ပေသည်။ ကျေးဇူးရှင်ကို ကျေးဇူးဆပ်မည်ဟုတော၌ရသော ကေဘောတပတ္တမြားလက်စွပ်ကိုခံတွင်းနှိုက်၍သွားပြီးလျှင်။ ဤလက်စွပ်ကား၊ လက်စွပ်မည်ကာမဟုတ်ပါ။ ခပ်သိမ်းသော အလိုကို ပေးတတ်သော၊ တောင့်တလေရာ ရလတ္တံ့သော ပတ္တမြားတည်း။ လက်တွင်ဝတ်၍မြဲစွာပါစေ။ သူတပါးကို မဝတ်ပါစေလင့်ဟု၊ သေဌေးအား ပြော၍ ပေးခဲ့ပြီးသော်၊ တောသို့ဝင်ပြန်လေ၏၊ သေဌေးသားလည်းတောင့်တ၍ တညဉ့်ခြင်းတွင်အိမ်ရှေ့၌ပြာသာဒ်တုံပေါက်လာ၍၊ မင်းစသော

ပြည်သူ အပေါင်းတို့ ကြည့်လာကြ ကုန်၏။ မင်းကြီး လည်း သေမြွေးသားနှင့်သမီးတော်ကိုဆောင်နှင်းလေ၏။ ထိုအခါတွင် မင်းသမီးဆရာတော်ပုဏ္ဏားသည် သေမြွေးသား၏ လက္ခဏာ ကြည့်သော်ကား။ တပါးကိုမမြင်။ လက်စွပ်တခုကိုသာမြင်လေ ၍။ သေမြွေးသားအရပ်တပါးသို့သွားစဉ် ဖြာသာန်တွင်းသို့ဝင် ပြီးလျှင် သာယာစွာသော စကားကို ပြောဆို၍ မင်းသမီးကို သေမြွေးသားမြတ်နိုးပါ၏လောဟုမေး၏။အရှင်ပုဏ္ဏား၊အဘယ် မေးဘွယ်ရှိအံ့နည်း။ ထိုသူကား သေမြွေးသား။ အကျွန်ုပ်ကား မင်းသမီးဖြစ်၏ဟု ဆို၏။ သင်မင်းသမီးကို ချစ်သည်မှန်သော် လက်စွပ်ကိုဝတ်ရပါ၏လောဟု ပုဏ္ဏားကမေး၏။ ဆရာ၊လက် စွပ်ကို ငါမဝတ်သော်၊ အဘယ်သူဝတ်ရအံ့နည်းဟု ဆိုပေ၏။ မင်းသမီးလည်း တနေ့သ၌၊သေမြွေးသားကိုလက်စွပ်ဝတ်ပါရ စေဆိုလျှင်၊ အလွန် ချစ်မြတ်နိုးသောကြောင့်။ ချွတ်၍ ပေးပြီး သော်၊ ဤလက်စွပ်ကိုသူတထူးအားချွတ်၍မပြလင့်။ လက်တွင် မြဲပါစေဟုဆို၏။ တနေ့သ၌သေမြွေးသားမရှိခိုက်ပုဏ္ဏားလာ၍ သာယာစွာပြောပြီးသော်။ ယမန်ကဆိုသည့်အတိုင်း လက်စွပ် ဝတ်ပါရ၏လော။ဝတ်ရသော် အဘယ်မှာရှိသနည်းဟုမေး၏။ ဆရာတော်၊ သည်မှာရှိပါသည်ဟုပြပေ၏။ သို့းတော်ချွတ်၍ပြ ပါဟုတောင်းပန်လတ်သော်။အထိန်းတော်က။ အရှင်သို့း၊ဆရာ တော်ပင်ပန်းစွာတောင်းသည်ကို ကြည့်ပါစေတော့ဟုဆိုသော ကြောင့်၊ပုဏ္ဏားအားချွတ်၍ပြပေ၏။ ပုဏ္ဏားလည်း လက်စွပ်ကို ရလေသော်။ကျီးယောင်ဆောင်၍၊လူမရောက်နိုင်သောသမုဒ္ဒြာ အလယ်မှာပြာသာန်နှင့်နေလေ၏။ သေမြွေးသားသည်၊လက်စွပ် ကိုပုဏ္ဏားယူကြောင်းကိုကြားလျှင်၊မင်းသို့းကိုဆို၏။သူတပါးတို့ ကိုမပြပါလင့်ဆိုလျက် ပြချေသောကြောင့်၊ သမုဒ္ဒြာ၏အလယ် မှာ မရနိုင်ချေပြီဟု ကြံမှိုင်လျက်နေလေ၏။ ။တနေ့သ၌လူတို့ နေရာအရပ်နှင့်မနီးမဝေး၊ကြာမျိုးငါးပါးနှင့်ပြည့်စုံသောရေကန် ၌၊နတ်သို့းတို့ရေချိုးလာသော်၊ဘယက်တန်ဆာကိုချွတ်၍ကမ်း

နားမှာထားလေ၏။ သေဋ္ဌေးသားမွေးထားသောကြောင်သည်း။
ထိုဘယက်တန်ဆာကို ခိုး၍ ထားလေ၏။ နတ်ကြီးတို့လည်း ဤ
တန်ဆာသည်လူတို့နှင့်မတန်၊ နတ်နှင့်သာတန်ပါသည်။ ပေးပါဟု
ကြောင်ကိုတောင်းကြ၏။ ကြောင်ကလည်း၊ သင်နတ်သမီးတို့၊
သမုဒ္ဒရာအလယ်တွင်ပြာသာဒ်နှင့်နေသောပုဏ္ဏားရှိရာသို့ငါသွား
ရအောင်ခရီးကိုတန်ဆင်းသော်ကား၊ ငါပေးမည်ဆိုလျှင် နတ်
သမီးတို့သည်းတန်ဆင်းကြလေရာ။ ကြောင်သည်ထိုနေ့ပင်တန်
ဆင်းသော လမ်းကို ဖြည်းညှင်းစွာ သွားလေသော်။ ပုဏ္ဏားနေ
သောပြာသာဒ်သို့ရောက်၍ ကြည့်သောအခါ၊ လက်စွပ်ကိုဝတ်
လျက်ပုဏ္ဏားအိပ်ပျော်နေသည်ကိုမြင်၍၊ လက်စွပ်ကိုဖြည်းညှင်း
စွာချွတ်၍ယူခဲ့ပြီးလျှင်၊ သေဋ္ဌေးသားအား အပ်၍၊ ကျေးဇူးဆပ်
လေသတည်း။ ထိုအခါ၊ ပုဏ္ဏားလည်း ရေတွင်နစ်၍ သေလေ၏။
သေဋ္ဌေးသားသည်လည်း ထိုလက်စွပ်ကိုပြန်ရလျှင်။ တော်နှင့်တ
တိုင်းပြည့်စုံလေ၏။ ။ ထို့နောက်ခိုးသားငါးရာတို့သည် သေဋ္ဌေး
သားကိုသတ်၍ လက်စွပ်ကိုယူမည်လာကြရာ။ ခွေးသည် ငါ့ကို
အဘိုး၏မှုစဉ်ပေး၍ ကောင်းမွန်စွာကျွေးမွေးပေသောအရှင်ကို
သတ်ကြမည်လာကြသောခိုးသူအကြီးအမှူးကို ကိုက်သတ်၍
ရေတွင်းမှာချထားလေ၏။ ထိုခိုးသူ၏ငယ်သားတို့လည်း ကြောက်
၍ထွက်ပြေးကြလေ၏။ မိုးသော်လျှင်ခွေးက၊ သေဋ္ဌေးသားကို
ပြောသည်မှာ။ မနေ့ညဉ့်ကအကျွန်ုပ်မအိပ်ရ။ အလွန်ပင်ပန်းလှ
သည်ဟုဆို၏။ အဘယ့်ကြောင့်နည်းဟု သေဋ္ဌေးသားကမေး
သော်။ ခွေးကခိုးသားငါးရာတို့သည် သေဋ္ဌေးသားကိုသတ်၍
လက်စွပ်ကိုယူမည်ဟုလာကြရာ၊ ထိုသူတို့တွင် ခိုးသူအကြီးအ
မှူးကိုကိုက်သတ်၍ ရေတွင်းသို့ချထိုက်လျှင်နောက်ပါခိုးသူအား
လုံးတို့ ထွက်ပြေးလေကုန်၏။ သေဋ္ဌေးသား၏ကျေးဇူးကြီးလှ
သောကြောင့်၊ အသက်စည်းစိမ်ကို စောင့်ပါသည်ဟု ဆို၏။
သေဋ္ဌေးသားလည်း။ ကြော်၊ တိရစ္ဆာန်ပင်ဖြစ်လျက် အသပြာ
တရာပေး၍ ကျွေးမွေးထားပေသည်ဟု ငါ့ကို သူတို့ကျေးဇူး

စကားဆိုသကေုန်၏ ငါ့အသပြာတရာစီပေးသောတိရစ္ဆာန်သုံး
ဦးကြောင့် ဤသို့သောစည်းစိမ်ဆက်စံစားရပေသည်တကား
ဟုတောသို့သွား၍ မြွေပါကိုသူကြီးမှုင်တိရစ္ဆာန်သုံးဦးကိုအတူ
နေစေ၍ ကောင်းမွန်စွာ ကျွေးမွေးထား၏။ ထိုအခါ မြွေပါက
ပဒ္မြားသက်စွင်ကို ရှေးဦးစွာ ငါသည်မှုင် ပေးသောသူ ဖြစ်
သောကြောင့် ရှေ့ကနေ၍ ဦးစွာစားရ ကောင်းဖြစ်သည်ဟုဆို
၏။ ကြောင်ကလည်း သင်ပေးသောဥစ္စာသည် ကားပုဏ္ဏားဥစ္စာ
ဖြစ်လေပြီ၊ နတ်သျှိုးတို့တန်ဆာကိုငါပြု၍ နတ်သျှိုးတို့ဘန်ဆင်း
သော သမ်းရိုးဖြင့်သွား၍ သက်စွင်ကိုယူရသောကြောင့် ငါ
ကား စည်းစိမ်ကို ပေးပြီ မဟုတ်တုံလော။ ငါသာရှေ့ကနေ၍
ဦးစွာစားရကောင်းသည်ဟု ဆို၏။ ခွေးကလည်း သင်တို့ပေး
သောစည်းစိမ်ကို နိုးသားငါးယောက်တို့ သေခွေ့သားအားသတ်၍
ယူကြမည်လာသော် နိုးသူအကြီးအမှူးကိုငါသတ်၍ ချေတွင်းနှ
ချသော်၊ ငယ်သားတို့ပါ ထွက်ပြေးကြလေကုန်၏။ ထို့ကြောင့်
ငါသည်သေခွေ့သားစည်းစိမ်ကိုကယ်သောသူဖြစ်၏၊ အသက်
ကိုလည်းကယ်သောသူဖြစ်၏။ ထို့ကြောင့်သင်တို့ထက် ငါရှေ့
ကနေ၍ ဦးစွာစားကောင်းသည်ဟုဆို၏။ ဤသို့အငြင်းအခုံဖြစ်
ကြ၍ ကမ္ဘာဇတိုင်းမွေ့ရပ်ပြည်နှင့်မြေရပ်ဇင်းချိုင်း သုခမ္မစာရီ
အမည်ရှိသော ခင်းသို့သည် တရားဆသံပါးနှင့်ပြည့်စုံ၏၊ ဓမ္မ
သတ်၊ ရာဇသတ်တို့နှင့် ဝိမ္မာသည်ဖြစ်၍ သပင်ဘိုင်းနန်းပြာသာဒ်
နှင့် ကောင်းမွန်စွာထား၏။ အနယ်ရှင်မျိုးနွယ်တို့မှာလည်း ကျော်
စောထင်ရှား၏။ အပြည်ပြည်တို့နှင့်ကြည်ညာသောကြောင့် လူတို့
သည်လည်း သုခမ္မစာရီမင်းသို့၏အဆုံးအဖြတ်ကိုခံသကြကုန်
၏။ ရင်းမြွေပါ၊ ကြောင်၊ ခွေး၊ သုံးဦးသားတို့သည်၊ ခင်းသမီး၏
အဆုံးအဖြတ်ကိုခံကြမည်ဟုသွားကြလေသော် မြွေပါက ငါ့ကို
သေခွေ့သားသည် အသပြာ တရာစီ ပေး၍၊ ဝယ်ပြီးလျှင်
ကောင်းမွန်စွာကျွေးမွေးသည် သောမှာလည်းထွတ်ပေသည်။
ဤအကြောင်းများကိုထော်၍ ကျေးဇူးရှင်ဖြစ်ပေသောကြောင့်

မဏိဇောတ ပတ္တမြား လက်စွပ်ကို ငါပေး၍ ဤသို့သော နန်းပြာသာဒ်ဘုံပေါက်သဖြင့်စံစားရသည်ဖြစ်၍ ငါသာ ရှေးဦးစွာနေထိုက်စားထိုက်သည်ဟုဆို၏။ ကြောင်ကလည်း မြွေပါပေးသောစည်းစိမ်သည်ပုဏ္ဏားသက်သို့ရောက်လေပြီ။ ငါရအောင်ပြု၍သာ သေဌေးသား ဤသို့စံစားရသည်ဖြစ်၍ ငါသာ ရှေးဦးစွာနေထိုက်စားထိုက်သည်ဟုဆို၏။ ခွေးကလည်း မြွေပါပေး၍ ရပြီးမှ ပျောက်လေရာ။ တဖန် ကြောင်ယူ၍ ရပြန်သောဥစ္စာကို ခိုးသူတို့ ခိုးယူခဲ့လာကြသော် ခိုးသူအကြီးအမှူးကို ငါကိုက်သတ်၍ ခိုးသူငယ်သားတို့ပါ ပြေးလေကုန်၏။ သေဌေးသား စည်းစိမ်ကိုကား ငါ ကယ်သည်။ အသက်ကိုလည်း ငါကယ်သည်။ ငါသာ ရှေးဦးစွာ နေထိုက်စားထိုက်သည်ဟုဆို၏။ ။ သုဓမ္မစာရီမင်းသမီးလည်း သေဌေးသား၏စည်းစိမ်ကိုခွေးသည် စောင့်ရှောက်ထားပေသည်။ အသက်ကိုလည်း ရှည်စေသည်၊ ထို့ကြောင့်ခွေးသည် သင်တို့နှစ်ဦးထက်ရှေးဦးစွာနေထိုက်စားထိုက်ပေသည်။ တိရစ္ဆာန်တို့တွင်ကား၊ သင်တို့ကဲ့သို့၊ သူ့ကျေးဇူးကိုပြုတိသောသူမရှိပြီဟူ၍၊ သုဓမ္မစာရီမင်းသမီးဆုံးဖြတ်လေ၏။ ထို့ကြောင့် တိရစ္ဆာန်ထက် လူမြတ်သော်လည်း သူ့အားလျှင် ကျေးဇူးခံရရာသတည်း။ ။

## ၁၅။ သေဌေးသမီးတယောက်ကို၊ သေဌေးသား သုံးယောက်လုကြသည့်အကြောင်း။

ရှေးသောအခါ၊ ကမ္ဘောဇတိုင်း၌ သေဌေးလေးယောက်ရှိကြကုန်၏။ ထိုသေဌေးလေးယောက်တို့သည် အလွန် ချစ်ခင်ကြသတည်း။ သေဌေးသုံးယောက်တို့တွင် တယောက်တယောက်၌ သားတယောက်စီရှိကြ၍၊ သေဌေးတယောက်မှာမူကား၊ သမီးတယောက်သာရှိလျှင်။ အဆင်း၊ သဏ္ဌာန်၊ ကြန်အင်္ဂါလက္ခဏာနှင့် ပြည့်စုံ၏။ ထိုသေဌေးသမီးကို သုံးယောက်သော သေဌေးသားတို့

သည်၊တခန်စေကြကုန်၏၊တယောက်သောသေဌေးသားက၍ မိန်းမတဆဲ့ငါးနှစ်ခေမီလွန်ချေသော်၊ကောင်းမွန်စွာသိုဝှက် ပါမည်ဟုဆို၏၊သေဌေးကြီးမိဘတို့လည်းကောင်းပြီဟု ဆိုကြ ၏၊တယောက်ကလည်းတဆဲ့ငါးနှစ်မပြည့်မီလွန်ချေသော်၊အရိုး ကိုလွှယ်ပါမည်ဟုဆို၏၊ မိဘတို့ကလည်း ကောင်းပြီဟုဆိုကြ ၏၊တယောက်ကလည်း တဆဲ့ငါးနှစ်မပြည့်မီလွန်ခဲ့သော်၊လုပ် တိုင်းကိုကျွန်ုပ်စောင့်ပါမည်ဟုဆို၏၊မိဘတို့ကလည်း ကောင်း ပြီဟု ဆို၏။

သေဌေးကြီးသည်း တဆဲ့ငါးနှစ်မပြည့်မီ လွန်ခဲ့ ရကား၊လုလင်တို့ဆိုတိုင်းသိုဝှက်ကြပါလှည့်ဟုမိဘတို့ဆိုရာ၊ တယောက်ကလည်းငါကတိရှိပေသည်ဟူ၍ ကောင်းစွာသိုဝှက် ၏၊တယောက်ကလည်း ငါကတိရှိပေသည်ဟူ၍ အရိုးကိုထုပ် ပြီးလျှင် လွှယ်၍ယူလေ၏၊ တယောက်ကလည်း ငါကတိရှိပေ သည်ဟူ၍ လုပ်တိုင်းမှာ စောင့်နေလေ၏။

။ထိုအခါတွင်၊ ရသေ့ခေါ်ဂီသည်ဟိမဝန္တာတောကလာ၍ အရိုးစောင့်ကိုမြင် လေရာ၊ လုလင်၊အဘယ်ကြောင့် စောင့်နေသနည်းဟု မေး၏၊ အရှင်၊ငါကား အရိုးစောင့်သောသူဟုဆိုကာလ၊လုလင်၊ရှင်ပြန် စေလိုသလောဟု မေးလျှင်၊ ရှင်ပြန်စေလိုပါသည်ဟု ဆိုသည့် အတိုင်း၊ မှုံးလက်ဖွဲ့ဆာအင်္ဂါကြီးပေယ်ကဲ့သို့၊ သတို့သမီးဖြစ်ပြန် စေ၏၊ထိုအခါ၊သေဌေးသားသုံးယောက်တို့အတွင်တယောက်က ငါအလေးကိုသိမ်း၍သိုဝှက်သောကြောင့် ငါမရကောင်း သော၊တယောက်ကလည်းငါကအရိုးကိုလွှယ်ရသောကြောင့် ငါမရကောင်းသော၊တယောက်ကလည်းငါလုပ်တိုင်းမှာစောင့် ရ၍ ရှင်ပြန်သည်ဖြစ်၍ ငါမရကောင်းသောဟုဆိုကြလျက်၊ ငါးတို့သုံးယောက်သည် အချင်းချင်း ငြင်းခုံကြသဖြင့် အဘယ် အကျိုးရှိအံ့နည်း၊ သုဓမ္မစာရီ မင်းကြီးထံမှာ အဆုံးအဖြတ်ကို ခံကြမည်ဟူ၍ သွားကြပြီးလျှင်၊ အကြောင်းမျိုးတို့ကိုသုဓမ္မစာရီ မင်းကြီးအား ပြန်ကြားသော်၊၏စကားကို ကျွန်ုပ်သိပြီ၊သေဌေး သားတယောက်လည်း၊ သေဌေးကြီးကိုသိုဝှက်၍သွားလေပြီ၊

သေဋ္ဌေးသားတယောက်သည်၊ အမျိုးကိုထုပ်လွယ်၍ သွားသေပြီ၊ သေဋ္ဌေးသား တယောက်မှာမူကား၊ လုပ်တိုင်းတွင် စောင့်နေရလေ၍ ထိုသုံးယောက်တို့တွင်လုပ်တိုင်း၌စောင့်သောသူမူကား၊ အမျိုးချုန်းဆက်တိုင်အောင် ယုတ်ညံ့ရသတည်း။ ထိုသူစောင့်နေသည့်အခိုက်အတွင်း၌ပင်လျှင် ရှင်ပြန်လေရကား၊ သေသော်လည်းအတူနေရပြီဖြစ်သောကြောင့်၊ ယခုရှင်ဘက်ဖြစ်ကောင်းလေ၏ဟုသုဓမ္မစာရီမင်းသမီးဆုံးဖြတ်လေ၏။ ။

---

## ၁၈။ သူကြွယ်သားနှင့်မယားသုံးယောက်အကြောင်း။

ရှေးသောအခါ၊ မထင်ရှားသောသူကြွယ်သားတယောက်သည်၊ အသက်နှစ်ဆယ်မြောက်၍ ခင်ပွန်းရှိလျှင်အစဉ်ဆိုစမှတ်ပြုသည်ကား။ ငါ့ကိုမွေးခဲ့၍ သေခဲ့သော်ငါ့အလောင်းကိုမီးမဖုတ်ပါသင့်၊ ဘောင်ဖွဲ့၍သာမျှောပါဟု ကြိမ်ဖန်များစွာဆို၏။ တနေ့သန္ဓေမွေးခဲ့၍ ထိုယောက်ျားသေလေ၏။ မယားလည်း ငါ၏ခင်ပွန်းသည် ရှေးကာလကပင် များစွာ မှာထားဘူး ပေသည်ဟုသတိရသဖြင့် ဆွေမျိုးသားချင်းတို့နှင့်တကွဘောင်ဖွဲ့၍ မျှောကြလေ၏။ မြစ်အကြောသို့ မျှောလေသော်၊ ပြည်ကြီးတပြည်တွင်နေသောအလမ္ပါယ်သမား သမီးတို့သည် ခေါင်းလျှော်ကြမည်ဟု မြစ်ဆိပ်သို့ သွားကြရာ ဘောင်ကိုမြင်ကြလျှင်၊ သူကောင်တင်သောဘောင်တကားဟု သမီးအကြီးကဆို၏။ သမီးအလတ်ကလည်း မြွေကိုက်၍ သေလေသည့်လည်း မသိရဟုဘောင်ကိုကူး၍ ဆယ်လေ၏။ အငယ်ကလည်း အဘကိုလျှင်စွာခေါ်၏။ အဘလာသတ်၍ ဆေးဝါးမန္တရားပြုသော်ရှင်ပြန်လေသတည်း။ အလမ္ပါယ်သမီးအကြီးကလည်း ငါအလျှင် မြင်သည်၊ ငါ့လင် ဖြစ်ကောင်း၏။ အလတ်ကလည်း ငါကူး၍ဆယ်သည်။ ငါ့လင် ဖြစ်ကောင်း၏။ အငယ်ကလည်း ငါအဘကိုခေါ်၍ ဆေးဝါးမန္တရားပြုသဖြင့်ရှင်ပြန်လေသော်၊ ငါ့လင်ဖြစ်ကောင်းသည်ဟုဆို၏။ အစ်မကြီး

လည်း ငါတို့ညီအစ်မတရကား၊ ယောက်ျားတယောက်ကို လိုကြသောစကားသည် မသင့်ပါတကား။ ညီမတို့၊ ငါတို့ပညာဖြင့်စိတ်ကိုချုပ်၍၊ ဤသူကို သွားပါစေလော့ဟုဆို၏။ ညီအစ်မနှစ်ယောက်ကလည်း အစ်မကြီးစကားမှန်လှပေသည်ဟုဆိုကြ၍ ချည်မန်းကိုလည်းပင်းတွင်စွပ်လိုက်လျှင်ကြက်တူရွေးငယ်ဖြစ်၍ မိမိပြည်သို့ပျံပြီးလျှင်၊ ဥယျာဉ်တော်၌ သစ်သီးတို့ကို ကိုက်စားလေ၏။ဥယျာဉ်သည်လည်းသစ်သီးသင် ငှက်တို့ကိုမင်းအားဆက်လေသော်။ထိုဥယျာဉ်သည်ရှေးသောအခါကားသစ်သီးသစ်ပွင့်လှသည်။ယခုသော်ကား မလှဟုဆိုတော်မူသောကာလ၊ အရှင်မင်းကြီး၊ရှေးသောအခါကြက်တူရွေးတို့မရှိပါ။ ယခုသော်ကား ကြက်တူရွေးငယ်တကောင်ကိုမနှင်နိုင်အောင်ရှိခဲ့သည်ဟုဆို၏။ ယင်းသို့သော်ကား၊ ငှက်ခတ်သမားအပေါင်းတို့ကို ထောင်ကြလေစေဟု ဆိုလျှင်၊ ထောင်၍မိလေ၏။ သနားဘွယ် ရှိသောကြောင့်မသတ်ဘဲမင်းကြီးအားဆက်သလေရာ၊မင်းကြီးလည်းလှပသောကြောင့် ဘွီးတော်အားပေး၏။ဘွီးတော်သည်၊ ကစားဖန်များသောကြောင့်ချည်မှုင်ကိုမြင်လေ၍ ထိုချည်မှုင်ကိုချွတ်လေသော်၊လုလင်ဖြစ်လေ၏။ထိုချည်မှုင်ကိုစွပ်လျှင်ကြက်တူရွေးဖြစ်ပြန်လေ၏။ ညဉ့်ကိုကား ထိုချည်မှုင်ကိုချွတ်လျက်၊ နေ့ကိုကား ချည်မှုင်ကိုစွပ်လျက်နေကြသတည်း။ကာလရှည်ကြာလေသော် မင်းဘွီးလည်း မတူမရှုရှိ၍ မင်းကြီးနားကြားလေ၏၊ မင်းကြီးလည်းစစ်သူကြီးကိုခေါ်တော်မူ၍ စစ်ကြောမေးမြန်းစေ၏။စစ်ကြောဖွေရှာကြပြန်လေသော်၊ထိုကြက်တူရွေးငယ်သည်ကြောလန့်၍ လေသာပေါက်ဖြင့် ထွက်ပျံလေသော်၊ ချည်မှုင်သည် လေသာပြူတင်းတွင်ငြိသော်လျှင်လုလင်သာဖြစ်၍ သေဘွေးအိမ်သို့တက်ပြေးလေ၏၊သေဘွေးလင်မယားလည်းဘွီးနှင့်တကွထမင်းစား၍ နေနှင့်သည်အခိုက်၊ လုလင်ကိုမေးကြ၏၊ လုလင်သည် အကြောင်းကိုဆိုပြန်ပေ၏၊ ယင်းသို့တပြီးကား၊ ထမင်းပွဲတွင် လက်နှိုက်၍ စားစေကုန်၏၊ စစ်သူကြီးကျွန်တို့သည်၊ နိုးသူတ

ယောက်သည်သေဌေးအိမ်သို့တက်လေသည်မှတ်၍ လိုက်ကုန်
၏။ သေဌေးမယားလည်း ငါတို့ကြီး သားမက်နှင့်ထမင်းစားနေ
ကြပါသည်ကို၊ ခိုးသူရှိသည်ဆိုသော် ဘမ်းယူကြပါလေတော့
ဟုအရှာအဘွေခံကြသော၏၊ စစ်သူကြီးကျွန်တို့သည် ရှာဘွေ၍
မရ လျှင်သွားကြသော၏။ သေဌေးလည်းအရောင်အဆင်းနှင့်ပြည့်
စုံသည်ကို မြင်၍ ကြီးနှင့်ဆောင်နှင်းလေ၏။ မင်းကြီးလည်း ထို
လုလင်နှင့် ကင်းသောကြောင့် နာဖျားမကျန်း ဖြစ်လေ၏။ မင်း
လည်း၊ ချစ်ကြီး၊ အဘယ်ကြောင့်ဖျားနာသနည်းဟုမေးရာ၊ လုလင်
နှင့်ကင်း၍ ဖျားနာသည်ဟုအကြောင်းမျိုးတို့ကို ပြန်ကြားလေ
၏။ ယင်းသို့တပြီးကား၊ လုလင်ကိုရှာစေဟုမိန့်တော်မူလျက် သ
ဘင်ကြီးစွာပြု၍ သေဌေး၊ သူကြွယ်၊ အမတ်၊ စစ်သူကြီးတို့သည်
ငါ့သဘင်ကိုကြည့်လာကြကုန်ဟုစေတော်မူ၏။ ထိုလုလင်သည်
လည်း သေဌေးကြီးနှင့်အတူကြည့်လာ၏။ မင်းကြီးလည်း လုလင်
ကို မြင်လတ်၍၊ ဤသူသည် ငါ့လင်ဖြစ်သည်ဟု ဆိုလေ၏။ ထို
လုလင်မသေမီမယားကလည်း ထိုခဏ၌မြင်လေသဖြင့်၊ ငါ့လင်
တကားမြွေကိုက်၍ သေခဲ့သောကြောင့်ဘောင်းမွှ၍ ရေမှာမျော
လိုက်သည်၊ မသေမှန်ခဲ့ပြန်သော်၊ ငါ့လင်ပင်ဖြစ်ကောင်း၏ဟု
ဆို၏။ မင်းကြီးကလည်း ငါ့အဘအာဏာကိုကြောက်၍ သာလျှင်
ပြေးလေ၏ဟုဆို၏၊ သေဌေးကြီးလည်း ဤသို့ဆို၏။ မင်းစစ်သူ
ကြီးကျွန်သည်လုလင်ကို ခိုးသူထင်၍ သတ်ကြလိမ့်မည်ဟုငါ့မိ
ဘပညာနှင့်လွတ်အောင်ပြု၍ ငါနှင့်ပေးစားသော် ငါ့လင်မဖြစ်
ကောင်းသောဟုဆို၏။ ဤသို့အငြင်းအခုံဖြစ်ကြလေ၏။ မင်းကြီး
ကလည်း ငါမင်းတကားဟု အနိုင်မပြုဘဲလျက် သုဓမ္မစာရီမင်း
ကြီးထံမှာ အဆုံးအဖြတ် ခံကြလေဟု ဆိုလျှင်၊ သွားကြလေ၏။
သုဓမ္မစာရီ မင်းကြီးလည်း အကြောင်းမျိုးကိုမေး၏။ မသေခင်
မယားဖြစ်သူက၊ ငါ့လင်ကို မြွေကိုက်၍ သေသောကြောင့် မီး
မပုတ်ဘဲရေမှာဘောင်နှင့်မျောပါဆိုသောကြောင့်မျောလေ၏။
မျော၍ မသေခဲ့သော်၊ ငါ့လင်မဖြစ်ကောင်းလောဟု ဆို၏။ မင်း

သ္မီးကလည်း ဤလုလင်သည် ကြက်တူရွေးဖြစ်ခဲ့၍ သစ်သီးကို ဖျက်ဆီးသောကြောင့်၊ ငှက်ခတ်သမားတို့ကို ခေါ်၍ ခတ်ကြလေစေ၏။ခတ်၍ရလျှင် ငါ့ထံသို့ပို့လာကုန်၏၊ ငါ့ခင်ပွန်းဖြစ်မှ ငါ့အဘာဝ်စစ်၍ ထိုလုလင်ထွက်ပြေးလေတကား။ သို့ဖြစ်၍ ငါ့လင်မဖြစ်ကောင်းလောဟုဆို၏။ သေဋ္ဌေးသ္မီးကလည်း ခိုးသူဟု မင်းကြီးကျွန်တို့မှတ်၍ လိုက်လာကြသော်၊ လုလင်လည်း၊ သေမည်ကိုကြောက်သောကြောင့်တို့အိမ်သို့ပြေးတက်လာ၏။သည့် သူကို ကျွန်ုပ်အဘက မသေရအောင်ပြု၍ အသက်ရှင်ရသောကြောင့်၊ ကျွန်ုပ်နှင့်ပေးစားပြီးဖြစ်၍၊ ကျွန်ုပ်လင် မဖြစ်ကောင်းလောဟုဆို၏။ ။သုဓမ္မစာရီမင်းသ္မီးကလည်း မယားဟောင်းဖြစ်သောသေဋ္ဌေးသ္မီးမှာလင်ကိုရေ့တွင်သပြိုဟ်လေသည်ဖြစ်၍ ရှင်ပြန်သော်လည်းလင်မပြု ဟာ။မင်းသ္မီးမှာလည်းမင်းကြီးက စစ်သူကြီးကို စေလွှတ်ဘမ်းစေရာမိလျှင်၊မင်းသ္မီး မထားနိုင်၍ သေခဲ့သော် ဆုံးဘွယ်ရာ အကြောင်း ရှိသည်ဖြစ်၍ လင်ဖြစ်ကောင်းသည်ဟုမဆိုသာ။ ယခုလက်ရှိသေဋ္ဌေးသ္မီး မိဘတို့က သေသူအားမသေရအောင်ပြုသောကြောင့်ရှင်ဘက်လက်ရှိသူ၊ ရယူစေဟုဆုံးဖြတ်ပေသတည်း။ ။

သုဓမ္မစာရီမင်းသ္မီးဓမ္မသတ်ဖြတ်ထုံးပြီး၏။